# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၂၁)၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ ၃၁-၃-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ရဲဝင်းဦးတို့သည် ရှေ့ဆောင်အရာရှိနှစ်ဦး ဦးဆောင်၍ အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

ထို့နောက် လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူရဲဝင်းဦးတို့သည် အလေးပြုခံစင်မြင့်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူသည်။

စာမျက်နှာ ၃ သို့ ☆



လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ရဲဝင်းဦးထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓား လွှဲပြောင်းပေးအပ်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၃၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ် ၊ မတ် ၃၁ ရက် ၊ အင်္ဂါနေ့။

မန္တလေး

## စာကြည့်တိုက်များ ရှင်သန်ပွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိ

ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ရှာ၍မကုန် ယူ၍မခန်းနိုင်သောသဘောရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများအတန်းပညာပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်စာပေများကို အစဉ်တစ်စိုက်လေ့လာရမည်ဖြစ်သည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစား စုံလင်ပြီး မိမိဖတ်ရှုလိုသောစာအုပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။

ထို့အပြင် ''ပညာဘဏ်တိုက် စာကြည့်တိုက်''ဟူ၍ အဆိုရှိပြီး စာကြည့်တိုက်သည် ပညာလိုလားသူတိုင်းအတွက် ကွန်းခိုရာနေရာတစ်ခုလည်းဖြစ်သည်။ တက္ကသိုလ်များသည်လည်း စာကြည့်တိုက်များဖြင့် ဂုဏ်တင့်ဝင့်ထည်လျက်ရှိသည် တက္ကသိုလ်များ၏ အသည်းနှလုံးသည် စာကြည့်တိုက်ဖြစ်သည်ဟူသော အဆိုရှိသည်။ တက္ကသိုလ်များ၏ဂုဏ်သည် ကြီးမားသော စာကြည့်တိုက်ကြီးများရှိနေခြင်းပင်ဖြစ်သည်။ ပညာရည်ပြည့်ဝသောလူမျိုး နိုင်ငံဖြစ်စေရန်အတွက် စာပေ၏တန်ဖိုးကို သိရှိနားလည်စေရန် ပညာအလင်းရောင် စာကြည့်တိုက်များကို ကျေးလက်တောရွာအနှံ့ တည်ဆောက်လျက်ရှိကြသည်။ ထို့ကြောင့် စာကြည့်တိုက်များသည် မရှိမဖြစ် ဘဏ္ဍာတိုက်များအဖြစ်အရေးပါလှသည်။ စာကြည့်တိုက်ထဲမှ စာအုပ်များကို ဖတ်ရှုရာတွင် အချို့စာအုပ်များမှာ အပျော်ဖတ်သက်သက်ဖြစ်၍ စိတ်ထဲ၌ စွဲမှတ်မထားသင့်ပါ။ အချို့စာအုပ်များမှာမူ မိမိ၏ဘဝအသိအမြင်ကို ပြောင်းလဲစေသည့်အတွက် တန်ဖိုးထားမှတ်သားရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း စာဖတ်ခြင်းကြောင့် အသိအလိမ္မာတိုးပွားပြီးအမှား၊ အမှန်ကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ''အလုံးစုံသောမွေ့လျော်ခြင်းတို့တွင် စာအုပ်စာပေဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏''ဟု ဆိုခဲ့သည်။

ယခုအခါ ကျောင်းသား၊ကျောင်းသူများအနေဖြင့် နွေကျောင်းပိတ်ရက်ကာလဖြစ်သည်။ နွေရာသီ သင်တန်းများတက်ကြမည်။ အားလပ်ချိန်တွင်ဂိမ်းဆော့မည့်အစား အကျိုးရှိစေမည့် စာအုပ်စာပေများကို စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုရမည်။စာဖတ်ဝါသနာကို မွေ့လျော်ခြင်းသည်အသိအလိမ္မာဉာဏ်ပညာကို များစွာတိုးပွားစေသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ တစ်ကမ္ဘာလုံးက ပညာအခြေခံလူ့အဖွဲ့အစည်းတည်ဆောက်ရေးကို ယဉ်ကျေးမှုတစ်ရပ်သဖွယ်လက်ခံကျင့်သုံးလျက်ရှိကြသည်။ ပညာသည်သာ အနာဂတ်ကို ရင်ဆိုင်နိုင်ဖွယ်ရာ တစ်ခုတည်းသောအရာဟု သဘောထားနေကြသည်။ ထိုကဲ့သို့ ပညာခေတ်တွင် စာအုပ်များစုဝေးရာ စာကြည့်တိုက်များသည် ပျော်မွေ့စရာ နေရာကောင်းလည်းဖြစ်သည်။ သို့ဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် စိတ်ဓာတ်များရင့်ကျက်ပြီး ပညာဗဟုသုတရရှိစေမည့် စာကြည့်တိုက်များ၌ မွေ့လျော်သင့်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၆ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲ ဖြေဆိုလျက်ရှိ

**ပြင်ဦးလွင် မတ် ၃၀**

ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆိုလျက်ရှိရာ မတ် ၂၉ရက်မှ ဧပြီ ၄ရက်နေ့အထိ (၇)ရက်တိုင်တိုင် ဖြေဆိုသွားမည်ဖြစ်သည်။

ပြင်ဦးလွင် စာဖြေဌာန နေရာများအဖြစ် ပထမကြီးတန်း စာဖြေသူများအားလုံး ခုံအမှတ် လွင်-၁ မှ လွင်-၇၁ အထိ၊ ပထမလတ်တန်း စာဖြေသူများအားလုံး ခုံအမှတ် လွင်-၁ မှ လွင်-၁၅၄ -အထိ၊ ပထမငယ်တန်း စာဖြေသူများအားလုံး ခုံအမှတ် လွင်-၁ မှ လွင်-၃၀၀ အထိ၊ အခြေပြုမူလတန်း စာဖြေပုဂ္ဂိုလ် ခုံအမှတ် လွင်-၁ မှ လွင်-၈၀ အထိ ရွှေမြင်တင်ဘုရားဝင်းအတွင်းရှိ သံဃာ့သာမဂ္ဂီ ဝိသုံဂါမသိမ်တော်ကြီးတွင် စာဖြေဆိုကြပြီး ကျန်ရှိသော အခြေပြုမူလတန်း ခုံအမှတ် လွင် -၈၁ မှ လွင်-၅၅၀ အထိ၊ စာဖြေ ပုဂ္ဂိုလ်များ မြို့လယ်ရွှေစည်းခုံ ကျောင်းအနီးတွင် တည်ရှိသော ခရိုင်ဖူဆယ်အားကစားခန်းမတွင် စာဖြေဆိုလျက်ရှိသည်။

ယခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် ပထမကြီးတန်း ရဟန်းတော် ၅၃ ပါး ရှင်သာမဏေ ရှစ်ပါး သီလရှင် ၁၉ပါး လူပုဂ္ဂိုလ်(၁-မ)ဦး ပထမလတ်တန်းတွင် သံဃာတော် ၄၇ပါး ရှင်သာမဏေ ၉၀ပါး သီလရှင် ၁၇ပါး၊ ပထမငယ်တန်းတွင် ရဟန်းတော် ၂၉ပါး၊ ရှင်သာမဏေ ၂၄၅ပါး၊ သီလရှင် ၂၅ပါး၊ လူပုဂ္ဂိုလ်(၁-မ)ဦး၊ မူလတန်းတွင် ရဟန်းတော် ၂၅ပါး၊ရှင်သာမဏေ ၄၈၂ ပါး၊ သီလရှင် ၄၃ပါး စုစုပေါင်း ၁၀၇၅ပါး ဖြေဆိုရန် စာရင်းတင်သွင်းထားပြီး ၈၀ ဒသမ ၃ ရာခိုင်နှုန်းခန့် ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်သာသနာရေးဦးစီးမှူးထံမှ သိရသည်။




၂၀၂၆ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ ဆွမ်းစရိတ်၊ ဖျော်ရည်နှင့် သောက်ရေသန့်အလှူရှင်များမှာ မတ် ၂၉ ရက်တွင် ပြင်ဦးလွင်တပ်နယ်မိသားစုမှလည်းကောင်း၊ မတ် ၃၀ ရက်တွင် နီးဘုရားကြီးဂေါပကအဖွဲ့နှင့် ဝန်ထမ်းများမှလည်းကောင်း၊ မတ် ၃၁ ရက်တွင် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မိသားစုမှလည်းကောင်း၊ ဧပြီ ၁ ရက်တွင် တရားလွှတ်တော်ရှေ့နေဦးနေမျိုးဇော်''နိုင်''ဥပဒေအကျိုးဆောင်လုပ်ငန်းမှ လည်းကောင်း၊ ဧပြီ ၂ ရက်တွင် ပြင်ဦးလွင်(အခမဲ့)နာရေးကူညီမှုအသင်းမှလည်းကောင်း၊ ဧပြီ ၃ ရက်တွင် မဟာအံ့ထူးကံသာ ဘုရားကြီးဂေါပကအဖွဲ့နှင့် ဝန်ထမ်းများ(အချိုရည်အလှူရှင်) ဗိုလ်ကြီးစိုးမြင့်(ငြိမ်း)+ဒေါ်ညွန့်တင် ပဒေသာမြို့သစ်မှလည်းကောင်း၊ ဧပြီ ၄ ရက်တွင် ဦးကျော်မျိုးဝေ+ဒေါ်စန်းစန်းရွှေ ''ပြည့်စုံ'' ရွှေဆိုင်မိသားစုနှင့် နေ့စဉ်သောက်ရေသန့်အလှူရှင် ဦးဇော်မင်းဦး+ဒေါ်မိမိထွေး''ဇော်မင်းဦး''စိန်ရွှေရတနာဆိုင်မိသားစုမှ အသီးသီးကုသိုလ်ပြုပါဝင်လှူဒါန်းကြကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## Mobile Phone ဖြင့် ဓာတ်ပုံနှင့် ဗီဒီယို(အခြေခံ) ရိုက်ကူး၊ တည်းဖြတ်နည်းသင်တန်း ဖွင့်လှစ်

**ကျောက်ပန်းတောင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နွေရာသီကာလ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် ဘာသာစကားနှင့် နည်းပညာများ အလွယ်တကူ သင်ယူလေ့လာနိုင်စေရန် နွေရာသီ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ၊ Mobile Phone ဖြင့် အခြေခံ ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူး၊ တည်းဖြတ်နည်း သင်တန်းကို၊ ယနေ့ နံနက် ၁၀နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် လက်ရှိအချိန်တွင် မိမိတို့လုပ်ငန်းဆောင်တာများ၊ စီးပွားရေးလုပ်ငန်းများကို ဖုန်းတစ်လုံးရှိရုံဖြင့် လွယ်လင့်တကူ မှတ်တမ်းတင်ရိုက်ကူးနိုင်ပြီဖြစ်၍ မိမိတို့ ရိုက်ကူးလိုသည့် ဓာတ်ပုံ၊ ဗီဒီယိုများကို နည်းစနစ်မှန်မှန် ရိုက်ကူးတတ်စေရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းဖြင့် သင်တန်းဖွင့်အမှာစကားတွင် ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြ ဦးနေအောင်(ဓာတ်ပုံကျွမ်းကျင်-၂)က မိတ်ဆက်စကားပြောကြားပြီး သင်တန်းကို Mobile ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူး၊ တည်းဖြတ်နည်းနှင့် ဗီဒီယို ရိုက်ကူးတည်းဖြတ်နည်းဟူ၍ အပိုင်း နှစ်ပိုင်း ခွဲခြား၍ Mobile ဖုန်းဖြင့် ဓာတ်ပုံ ရိုက်ကူး၊ တည်းဖြတ်ရာတွင် လိုက်နာရမည့် အခြေခံအချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များ၊ သတင်း၊ မှတ်တမ်းဓာတ်ပုံကောင်းတစ်ပုံရရှိစေရန် ပြင်ဆင်ထားသင့်သည့်အချက်များနှင့် ရိုက်ကူးရမည့်ပုံစံများ၊ အလင်းရောင်၏ သဘောတရားများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ Mobile ဖုန်းဖြင့် ဓာတ်ပုံ-ဗီဒီယို(အခြေခံ)ရိုက်ကူး၊ တည်းဖြတ်နည်း သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခမဲ့ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး မတ် ၃၀ရက်တွင် ဓာတ်ပုံရိုက်ကူး၊ တည်းဖြတ်နှင့် မတ် ၃၁ ရက်တွင် ဗီဒီယိုရိုက်ကူး၊ တည်းဖြတ်နည်းတို့ကို နှစ်ရက်တာ သင်တန်းပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်များမှ ဝါသနာရှင်များ စုစုပေါင်း ရှစ်ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၆)



### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။



လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြု အမြောက်တပ်ဖွဲ့မှလည်း အမြောက် ၁၉ ချက်ကို စစ်ရေးပြ အခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

**ဂုဏ်ပြုတပ်ခွဲအား စစ်ဆေး**

ယင်းနောက် လက်ရှိမြန်မာ့ တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဂုဏ်ပြုမိန့်ခွန်း ပြောကြားရာတွင် ယနေ့သည် တပ်မတော်ထဲကို စတင်ဝင်ရောက်ခဲ့သည့် ၁၉၇၄ ခုနှစ် အချိန်ကဆိုပါက ရာထူးတာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်မှာ ၅၂ နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၁၅ နှစ် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တပ်မတော် အကြီးအကဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ယုံကြည်စွာဖြင့် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ယခုတာဝန်ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီး နေဝင်း အပါအဝင် ခေတ်အဆက်ဆက် တပ်မတော်ခေါင်းဆောင်ကြီးများ မျှော်မှန်းတည်ဆောက်ခဲ့သည့် အတိုင်းအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီ မျိုးချစ်တပ်မတော်ကြီးဖြစ်အောင်ကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ထိုသို့တည်ဆောက်သည့် နေရာတွင် ယခင်တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ဆုံးမဩဝါဒများ၊ ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး အကောင်းဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း တပ်မတော်၏ စွမ်းရည်မြင့်မားရေး၊ နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရေးတို့ကို အတိုင်းအတာတစ်ရပ် အထိ ရောက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ လက်ရုံးတပ်ဖွဲ့များအတွက်တိုးတက်ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ဆက်တွင်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍများစွာ ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နေချိန်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများစွာ ဖြစ်ပေါ်ခဲ့သည်ကို ဖြေရှင်းဆောင်ရွက်ပေးရန် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ပေးအပ်ထားသော တာဝန်နှင့်အညီ တပ်မတော်မှ အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း ဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အတင်းအဓမ္မနည်းဖြင့် ရယူရန် ကြိုးစားခဲ့ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရမှုသည် အားလုံး မျှော်လင့်မထားသည့် နိုင်ငံရေးအလှည့်အပြောင်းကြီး ဖြစ်ကြောင်း၊ အဆိုပါကာလက နိုင်ငံတော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါအပြင် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ပြီး ပြည်တွင်းဆူပူအုံကြွမှုမျိုးစုံ၊ ပြည်ပက သွေးထိုးလှုံ့ဆော်မှုမျိုးစုံနှင့် အခက်ခဲအကျပ်တည်းဆုံးအချိန်များကို ကြုံတွေ့ဖြတ်သန်းခဲ့ရကြောင်း၊ အဆိုပါ အခက်အခဲများကို တပ်နှင့်ပြည်သူ လက်တွဲပြီး အားလုံးစုစည်းညီညွတ်စွာဖြင့် အကောင်းဆုံး ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲအဖြစ် သန့်သန့်ရှင်းရှင်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် မကြာမီအချိန်တွင် လွှတ်တော်မှ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရသစ်ကို နိုင်ငံတော်တာဝန်များ လွှဲပြောင်းပေးနိုင်တော့မည် ဖြစ်ကြောင်း။

ထိုသို့ နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့သည့် အခြေအနေများတွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ်၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် အတွင်းရေးမှူး၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ်တာဝန်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) တာဝန်တို့ကို တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ခဲ့သည့် အတွက် အထူးပင်ဂုဏ်ယူကြောင်း။

ထို့ကြောင့် ယခုလက်ရှိတာဝန်ယူထားသည့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်များကိုယနေ့တွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးထံကို လွှဲပြောင်း ပေးအပ်လိုက်ပါကြောင်း၊ နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်၏အကျိုး၊ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာနေရာကနေ ဆက်လက်အကျိုးပြု လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ တပ်မတော်ထဲ စတင်ဝင်ရောက်စဉ်ကတည်းက တွေ့ကြုံခဲ့ရသည့် တပ်မတော်ခေါင်းဆောင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တာဝန် ထမ်းဆောင်ပြီးနောက် လက်တွဲ လုပ်ဆောင်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို အထူး ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များ အနေဖြင့်လည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ ဦးဆောင်မှုအောက်တွင် တပ်မတော်၏ တာဝန်များကို စုစည်းညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ကမ္ဘာတည်သရွေ့ မြန်မာတည်ရမည်၊ မြန်မာတည်သရွေ့ မြန်မာ့တပ်မတော် တည်ရှိရမည်၊ ကောင်းမြတ်သည့် တပ်မတော်၏ သမိုင်း အစဉ်အလာများကို ဆက်လက် ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသော၊ ပြည်သူလူထုက အားကိုးရသော တပ်မတော်အဖြစ် ဆက်လက်ရပ်တည်သွားကြပါဟု ဆန္ဒပြုကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းက ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးအား ကာကွယ်ရေးဦးစီးချုပ်ရုံး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရာထူးခန့်အပ်ကြောင်း ခန့်အပ်လွှာအား ဖတ်ကြားတင်ပြသည်။

ယင်းနောက် လက်ရှိတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးထံသို့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင် ဓားနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အလံတို့ကို လွှဲပြောင်းပေးအပ်ပေးပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လက်ခံ ထမ်းဆောင်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးက

စာမျက်နှာ ၄ သို့ ☆





လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ရဲဝင်းဦးထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အလံလွှဲပြောင်းပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ် တပ်ဆင်ပေးစဉ်။

✰ စာမျက်နှာ ၃ မှ

တာဝန် လွှဲပြောင်းပေးအပ်ခဲ့သည့် ယခင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂုဏ်ပြု အဆောင်အယောင်ဓားကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ထို့နောက်မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် တာဝန်များကို လွှဲပြောင်း လက်ခံတာဝန် ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးက မိန့်ခွန်းပြော ကြားရာတွင် လက်ရှိတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူ ခဲ့သည့် ၁၅ နှစ်တာ ကာလအတွင်း ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်ရေး လုပ်ငန်း စဉ်များကို စနစ်တကျ အကောင် အထည်ဖော် လုပ်ဆောင်ခဲ့ပါ ကြောင်း၊ မိမိအနေဖြင့်လည်း တပ်မတော်ကို သမားရိုးကျစစ် ဆင်နွှဲနိုင်သည့်၊ တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် ခေတ်မီ တပ်မတော်တစ်ရပ်အဖြစ် ရည်မှန်း ချက်ထား ဖွဲ့စည်းတည်ဆောက် နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ခေတ် အဆက်ဆက်တွင် ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားရေးတာဝန် အဖြစ် ခံယူထားကြောင်း၊ နိုင်ငံ တော်၏ အမျိုးသားအကျိုးစီးပွား ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး ကိုဆက်လက်ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားမည် ဖြစ်ပါ ကြောင်း၊ နိုင်ငံတော်က အတည်ပြု ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ် စောင့်ရှောက်သွားမည် ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ "အခြေခံဥပဒေကို ကာကွယ် စောင့်ရှောက်ရန်၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးတို့ကို ကာကွယ်စောင့်ရှောက် ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝ



မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်များကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦး မိန့်ခွန်းပြောကြားစဉ်။

သော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်"တာဝန်ပေးထား သည့်အတွက် ယခုတာဝန်များ ကို သစ္စာရှိရှိ ကျေပွန်စွာဖြင့် ဆက်လက်ကြိုးပမ်း ထမ်းဆောင် သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လိုလားချက် ဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်း ကိုဆက်လက်လျှောက်လှမ်းနိုင်ရေး အတွက်တာဝန်များကိုထမ်းဆောင် သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ တော် အစိုးရ၏ပြည်တွင်းငြိမ်းချမ်း ရေးတည်ဆောက်ရာတွင် အပြည့် အဝ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချမှတ်ထားသည့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံး ပြီး တိုက်စွမ်းအားနှင့် တိုက်စွမ်းရည် ရှိသည့် တပ်မတော်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ "ပြည်သူသာ အမိ၊ ပြည်သူသာအဖ"ဆိုသည့် မူဝါဒကို လိုက်နာပြီး တပ်နှင့် ပြည်သူ တစ်သားတည်းဖြစ်အောင် ဆောင် ရွက်သွားမည် ဖြစ်ပါကြောင်း၊ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး တိုးတက် ကောင်းမွန်စေရန် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးကို အကောင်းဆုံး အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။

နိုင်ငံတော်နှင့် ခေါင်းဆောင် အဆက်ဆက်က အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့သော "မွန်မြတ်သည့် လက်ဆင့်ကမ်း အမွေကို ထိန်းသိမ်း ပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက် မြှင့်တင်သွားကြရန်" ဆိုသည့် တိုက်တွန်းမှာကြားမှုကို အလေးအနက် လိုက်နာဆောင် ရွက်သွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်၏ကောင်းမြတ်သည့် သမိုင်း အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ တော်က အားထားရသော တပ်မတော်၊ ပြည်သူလူထုက အားကိုးရသော တပ်မတော်ဖြစ် အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်သည်ကို အလေးအနက် ထား ပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် တာဝန် ထမ်းဆောင်ခဲ့သည့် ကာလ တစ်လျှောက်လုံးတွင် ပေးအပ် သည့် အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာကြိုးပမ်း ထမ်းဆောင်ခဲ့ပါကြောင်း၊ ယခု ကဲ့သို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ယုံကြည်စွာ တာဝန်ပေးအပ်ခဲ့သည့် တပ်မတော် အကြီးအကဲများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အထက် အကြီးအကဲများ၏ ယုံကြည်မှုနှင့် ထိုက်တန်စွာ နိုင်ငံတော်အကျိုး တပ်မတော်အကျိုးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း ထမ်းဆောင်သွားမည်ကို ကတိပြု အပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန် လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် နှင့် တာဝန်လက်ခံထမ်းဆောင်သူ ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးတို့သည် ဂုဏ်ပြု တပ်ခွဲ၏အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ခွဲက စစ်ကြောင်းပုံပြု ချီတက်အလေးပြု၍ ပြန်လည် ထွက်ခွာသည်။

ဆက်လက်၍ မြန်မာ့တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို လွှဲပြောင်း ပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တာဝန် များကို လွှဲပြောင်းလက်ခံတာဝန် ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး နှင့်ဇနီး ဒေါ်နီလာတို့သည် အခမ်း အနားတက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့် မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် မြန်မာ့တပ်မတော် တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၏ တာဝန်များကို လွှဲပြောင်း ပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ် ရေးဦးစီးချုပ်ရုံး ရုံးဌာနအသီးသီး မှ ဂါရဝပြုပေးအပ်သည့် အမှတ်တရလက်ဆောင်ပစ္စည်း များကို ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာ့တပ်မတော် တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၏ တာဝန်များကို လက်ဆင့် ကမ်း လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေ စည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့လိုက်ပါလာသည့် မော်တော်ယာဉ်သည် ဇေယျာသီရိ ဗိမာန်မှ ပြန်လည်ထွက်ခွာရာ ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြု တီးခတ်သီဆိုမှုနှင့်အတူ ဂုဏ်ပြု မြင်းစီးတပ်ဖွဲ့မှ လိုက်ပါချီတက်၍ စစ်ရေးပြ အခမ်းအနားဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် မြန်မာ့တပ်မတော် တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီး များနှင့်ဇနီးများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၂၄ မှ

ထို့နောက် လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိုပွဲချိမဟာသရေစည်သူ စိုးဝင်းနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့သည် အလေးပြုခုံ စင်မြင့်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူသည်။

ထိုသို့ ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြု အမြောက်တပ်ဖွဲ့ကလည်း အမြောက် ၁၇ ချက်ကို စစ်ရေးပြ အခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ယင်းနောက် လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိုပွဲချိ မဟာသရေစည်သူ စိုးဝင်းသည် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိုပွဲချိ မဟာသရေစည်သူ စိုးဝင်းက ဂုဏ်ပြုမိန့်ခွန်း ပြောကြားရာတွင် တပ်မတော်သည် မျိုးဆက်သစ်ငယ်ရွယ်နုပျို လန်းဆန်းသည့် တပ်မတော် ဖြစ်စေရေးအတွက် လွတ်လပ်ရေး မရမီအချိန်၊ လွတ်လပ်ရေး ရရှိပြီးအချိန်မှ ယခုအချိန်အထိ အဆင့်ဆင့်သော ခေါင်းဆောင်များက လေ့ကျင့်သင်ကြားပေးပြီး တာဝန်များကို အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း၊ တပ်မတော်တွင် မည်သူ တာဝန်ထမ်းဆောင်သည်ဖြစ်စေ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်သည့် စွမ်းရည်ပြည့်ဝပြည်စုံသည့် တပ်မတော်သားများစွာရှိကြောင်း၊ တပ်မတော်သားများသည် တပ်မတော်မှ လေ့ကျင့် သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ မွမ်းမံသင်တန်းများ၊ စစ်မြေပြင်အတွေ့အကြုံများ၊ ဦးစီးအရာရှိတာဝန် ထမ်းဆောင်သည့် အတွေ့အကြုံများ၊ နည်းပြများနှင့် အဆင့်ဆင့်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုများ၊ မျှဝေခံစားမှုများနှင့် လမ်းညွှန်မှုများကြောင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သားများ ဖြစ်လာကြကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရေးအတွက်လက်အောက်ရှိအဆင့်ဆင့်သော အရာရှိများကိုလည်း အကြီးအကဲများက လေ့လာ၊ လေ့ကျင့်၊ လိုက်နာဟူသော ဆောင်ပုဒ်နှင့်အညီ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ တပ်မတော်တွင် တာဝန်တစ်ခုလွှဲပြောင်းခြင်းသည် သာမန်လွှဲပြောင်းခြင်းမဟုတ်ဘဲ ယုံကြည်မှု၊ စိတ်ချမှု၊ သင့်တော်သူများကို ကြိုတင် လေ့ကျင့်ပေးမှုတို့ဖြင့် တာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်ကို ပြောကြားလိုကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်တွင် ငယ်ရွယ်နုပျိုသည့် ခေါင်းဆောင်များသည် အတွေ့အကြုံနှင့်ယှဉ်၍ ခေါင်းဆောင်မှုသာ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်ရေး တာဝန်များနှင့် တက်ရောက်လာသည့် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အရေးကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငယ်ရွယ်နုပျိုသည့် မျိုးဆက်သစ်များအား အဆင့်ဆင့်သော တာဝန်များကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ မိမိတာဝန်ထမ်းဆောင်စဉ် ကာလအတွင်းတွင် လမ်းညွှန်ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကို ဂါရဝပြု၊ အလေးအမြတ်ပြုပါကြောင်း၊ ထို့ပြင် ၁၅ နှစ်တာ တာဝန် ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်ထမ်းဆောင်မှုများအပေါ်တွင် နားလည်မှု၊ ခွင့်လွှတ်မှု၊ စာနာမှုတို့ဖြင့် ဦးစီးဦးဆောင်မှုပြုခဲ့သည့် ယခင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အားလည်း ကျေးဇူးတင်၊ လေးစား၊ ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ အဆင့်ဆင့်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ သွန်သင်ဆုံးမ၊ ဩဝါဒပေးမှုများကြောင့် လည်း တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း အများအပြား အနည်းဆုံးဖြင့် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စစ်ဆင်ရေး အောင်မြင်ရေးနှင့် အထိအခိုက်အကျအဆုံး အနည်းဆုံးဖြင့် အောင်မြင်ရေး စသည်တို့ကို ရည်မှန်း၍ အတွေ့အကြုံနှင့် သွန်သင်ဆုံးမမှုများ၊ သင်ကြားပေးခဲ့သည့် စစ်ပညာများကို အသုံးချ၍ မှန်ကန်သည့် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှု၊ ဆုံးရှုံးမှုများ ရှိနိုင်သော်လည်း အဓိကအရေးကြီးသည်မှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တိုးတက် ကောင်းမွန်သည့် တပ်မတော်၊ ပြည်သူက အားကိုးရသည့် တပ်မတော်ဖြစ်စေရန် ရည်မှန်းချက်များကို အကြီးအကဲများက ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်ခဲ့ပြီး တစ်ဦးနှင့် တစ်ဦး နားလည်မှု၊ သည်းခံမှု၊ စာနာမှုတို့ဖြင့် ပေါင်းစပ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ပင် တာဝန်ယူမှု၊ လေးစားမှု၊ ချစ်ကြည်မှု၊ နားလည်မှု၊ စာနာမှုတို့ဖြင့် ပေါင်းစပ်၍ ဆောင်ရွက်သွားပါက မိမိတို့ တပ်မတော်သည် အစဉ်နုပျိုနေသည့် တပ်မတော်၊ နိုင်ငံတကာက လေးစား အားကျရသည့် တပ်မတော်၊ နိုင်ငံသားများ၏ ယုံကြည်၊ အားကိုး၊ လေးစား၊ ယုံကြည်စိတ်ချ၊ ချစ်ခင်မြတ်နိုးသည့် တပ်မတော်အဖြစ် အစဉ်အမြဲ ဖြစ်နေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း တပ်မတော်သား အမိ၊ တပ်မတော်သား အဖ ဖြစ်သည့်အတွက် နောင်တွင်လည်း တပ်မတော်က လိုအပ်လာသည့် မည်သည့်အချိန်တွင်ဖြစ်စေ အမြဲတမ်းအဆင်သင့်၊ အမြဲတမ်းအသင့်ဖြစ်နေမည် ဖြစ်ကြောင်း ပြောကြားသည်။



လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး သိုရိုပွဲချိ မဟာသရေစည်သူ စိုးဝင်းနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့ ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူစဉ်။



လက်ရှိ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန် ထမ်းဆောင်လျက်ရှိ သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိုပွဲချိ မဟာသရေစည်သူ စိုးဝင်းကပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်း လက်ခံခြင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးစဉ်။

**☆ တပ်မတော်တွင် တာဝန်တစ်ခုလွှဲပြောင်းခြင်းသည် သာမန်လွှဲပြောင်းခြင်းမဟုတ်ဘဲ ယုံကြည်မှု၊ စိတ်ချမှု၊ သင့်တော်သူများကို ကြိုတင်လေ့ကျင့်ပေးမှုတို့ဖြင့် တာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်**

**☆ တစ်နည်းအားဖြင့် တပ်မတော်တွင် ငယ်ရွယ်နုပျိုသည့် ခေါင်းဆောင်များသည် အတွေ့အကြုံနှင့်ယှဉ်၍ ခေါင်းဆောင်မှုသာ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်ရေးတာဝန်များနှင့် တက်ရောက်လာသည့် နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ နိုင်ငံ့အရေးကို ထမ်းဆောင်နိုင်မည်ဖြစ်**

**☆ ထို့ကြောင့် ငယ်ရွယ်နုပျိုသည့် မျိုးဆက်သစ်များအား အဆင့်ဆင့်သော တာဝန်များကို လွှဲပြောင်းပေးခြင်းဖြစ်**

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းက ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရာထူးကို ပူးတွဲခန့်အပ်ကြောင်း ခန့်အပ်လွှာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် လက်ရှိ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန် ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိုပွဲချိ မဟာသရေစည်သူ စိုးဝင်းက ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့်

စာမျက်နှာ ၆ သို့ »»



လက်ရှိ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဓေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓားကို လွှဲပြောင်းပေးအပ်စဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လက်ခံထမ်းဆောင်သည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဓေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ယခင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းထံသို့ ဂုဏ်ပြုအဆောင်အယောင်ဓားကို ဂါရဝပြု ပြန်လည်ပေးအပ်စဉ်။

»»» စာမျက်နှာ ၅ မှ

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဓေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းထံသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ အဆောင်အယောင်ဓား နှင့် ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ်ရုံး၏ အလံတို့ကို လွှဲပြောင်းပေးအပ်ပြီး ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန် လက်ခံထမ်းဆောင်သည့် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဓေယျ ကျော်ထင် သရေစည်သူ ကျော်စွာလင်းက တာဝန်လွှဲပြောင်း ပေးအပ်ခဲ့သည့် ယခင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းထံသို့ ဂုဏ်ပြုအဆောင်အယောင်ဓားကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန် လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာ သရေစည်သူ စိုးဝင်းနှင့် တာဝန် လက်ခံထမ်းဆောင်သူ ဗိုလ်ချုပ်ကြီး ဓေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့သည် ဂုဏ်ပြု တပ်ခွဲ၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ခွဲက စစ်ကြောင်းပုံပြု ချီတက်အလေးပြု၍ ပြန်လည် ထွက်ခွာသည်။

ယင်းနောက် မြန်မာ့တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တာဝန်များအား လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာ သရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၏ တာဝန်များကို လွှဲပြောင်း လက်ခံ တာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဓေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းနှင့် ဇနီး ဒေါက်တာ နန်းကူးကူတို့သည် အခမ်းအနား တက်ရောက်လာကြ သည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များနှင့် ဇနီးများ၊ ဖိတ်ကြားထားသူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက် သည်။

ဆက်လက်၍ မြန်မာ့တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာ သရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ရုံးဌာန အသီးသီးမှ ပေးအပ်သည့် ဂါရဝပြု အမှတ်တရ လက်ဆောင်ပစ္စည်း များကိုကြည့်ရှုကြပြီး တက်ရောက် လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

ထို့နောက် မြန်မာ့တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တာဝန်များကို လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ် ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တို့ လိုက်ပါလာသည့် မော်တော် ယာဉ်သည် ဓေယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာရာ နိုင်ငံတော် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြု တီးခတ်သီဆိုမှုဖြင့် နှုတ်ဆက်ကြ သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တာဝန်လွှဲပြောင်းလက်ခံ ခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား သို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များနှင့် ဇနီးများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ငါးလုပ်ငန်းဦးစီးဌာန

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့ကျင်းပ

နေပြည်တော် မတ် ၃၀

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

ယနေ့ အစည်းအဝေးတွင် ဒုတိယသမ္မတလောင်းများ အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီထံ တင်ပြခြင်း၊ ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ကြေညာခြင်း၊ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၆၃ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၆၁ ဦး တက်ရောက်ပြီး တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၂၄ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ဒုတိယသမ္မတလောင်းအမည်စာရင်းကို အဆိုပြုတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဒုတိယသမ္မတလောင်းအဖြစ် ထားဝယ်မဲနယ်မှဒေါက်တာကျော်ကျော်ငွေးက အဆိုတင်သွင်းရာ ပင်လောင်းမဲဆန္ဒနယ်မှ နန်းရီရီဝင်းက ထောက်ခံကြောင်း လွှတ်တော်သို့ တင်ပြသည်။

အလားတူ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေကို ဒုတိယသမ္မတလောင်းအဖြစ် ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦးက အဆိုတင်သွင်းရာ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်က ထောက်ခံကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတလောင်းများ၏ အဆိုပြုလွှာပုံစံ(၁)ကို အချက်အလက်ပြည့်စုံစွာ ဖြည့်သွင်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ကြေညာရာ (၁) ဒေါက်တာကျော်ဆွေ တောင်တွင်းကြီး မဲဆန္ဒနယ်နှင့် (၂) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြရာ လှည်းကူးမဲဆန္ဒနယ်မှ ဦးခင်မောင်စိုးကို မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက အဆိုတင်သွင်းပြီး ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာ သန့်ဇော်လွင်က ထောက်ခံတင်ပြသည်။



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တစ်ဦးတည်းကိုသာ လွှတ်တော်က အဆိုပြုတင်သွင်းသည့်အတွက် လှည်းကူးမဲဆန္ဒနယ်မှ ဦးခင်မောင်စိုးကို စိစစ်ရေးအဖွဲ့ဝင်အဖြစ်ရွေးချယ်ကြောင်း အတည်ပြုကြေညာသည်။

အဆိုပါ ဒုတိယသမ္မတလောင်း အဆိုပြုလွှာများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်း ပြုစုနိုင်ရန် အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် ငလျင်အပြီး အဆောက်အအုံများစစ်ဆေးရန် အသုံးပြုမည့်ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၃၀

အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် ငလျင်အပြီး အဆောက်အအုံများစစ်ဆေးရန် အသုံးပြုမည့် ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရှိ Function Hall ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ငွေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Abhay Thakur က အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဆန်းကြူက လှူဒါန်းသည့်အဆောက်အအုံစစ်ဆေးခြင်းအတွက် စက်ပစ္စည်းအသုံးပြုမှုနည်းပညာဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပစ္စည်းကိရိယာများနှင့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရှိ မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးခင်မောင်ငွေးက "ဒီနေ့လှူဒါန်းတဲ့ ပစ္စည်းတွေကို အိန္ဒိယကနေ ရန်ကုန်ဆိပ်ကမ်းရောက်အောင် သံရုံးအစီအစဉ်နဲ့ ဆောင်ရွက်ပေးခဲ့တာပါ၊ မတ် ၂၄ ရက်မှာ ကျွန်တော်တို့ အင်ဂျင်နီယာအသင်းချုပ်ရုံးကို ရောက်ပါတယ်။ လှူဒါန်းတဲ့ပစ္စည်းက ၁၁ မျိုးပါဝင်ပြီး တန်ဖိုးက အိန္ဒိယရူပီး သန်းပေါင်း ၂၀ ကျော် မြန်မာငွေတန်ဖိုးအနေနဲ့ ကျပ်သိန်းပေါင်း တစ်သောင်းကျော်တန်ဖိုးရှိပါတယ်။ အခုလိုလှူဒါန်းပေးတဲ့အတွက် အိန္ဒိယသမ္မတနိုင်ငံနဲ့ အိန္ဒိယပြည်သူပြည်သားတွေ၊ သံအမတ်ကြီးနဲ့တကွ သံရုံးကတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုပွာယ်ရှိတဲ့ ပံ့ပိုးကူညီမှုဟာ စေတနာကောင်းကိုသာမက မြန်မာနိုင်ငံနဲ့ အိန္ဒိယနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာပြီး ရေရှည်တည်တံ့တဲ့ မိတ်ဖက်ဆက်ဆံရေးကိုလည်း ထင်ဟပ်စေပါတယ်"ဟု ပြောသည်။

ယနေ့လှူဒါန်းသည့် စက်ယန္တရားနှင့် ပစ္စည်းကိရိယာများတွင် မြေကြီးထိုးဖောက်စစ်ဆေးရေးရေဒါစက် (Ground Penetration Radar)၊ Lidar စကန်နာပါသော တက်ပလက်(Tablet / iPad with Lidar Scanner)၊ လေဗယ်တိုင်းတာရေးလေဆာစက် (Levelling Laser)၊ ဒစ်ဂျစ်တယ်ရေညှိတန်းတိုင်းကိရိယာ (တစ်မီတာ) ( Digital Spirit Level 1M Length)၊ အတိုင်းအတာတိုင်းကိရိယာ (Vernier Clipper)၊ အကွာအဝေးတိုင်းတာရေးလေဆာစက် အများဆုံးအကွာအဝေး (Distance Laser Max)၊ ကွန်ကရစ်ခိုင်ခံ့မှုစမ်းသပ်ဟမ်မာ (Rebound Hammer)၊ တိုင်းတာရေးစက် (Total Station)၊ ကွန်ပျူတာ(Computer)နှင့် ဆက်စပ်ပစ္စည်းများပါဝင်ပြီး ဘေးအန္တရာယ်မတိုင်မီနှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံအကဲဖြတ်ခြင်းများအတွက် အသုံးပြုနိုင်သည့်စက်ယန္တရားနှင့် ပစ္စည်းကိရိယာများဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပ




သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

နေပြည်တော် မတ် ၁၀

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၁၅၇ဦးစလုံးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် ရွေးကောက်ခံအမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ ရွေးကောက်ခံအမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာပုံစံကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်း အမည်စာရင်း အဆိုပြုလွှာပုံစံ(၁)ကို တင်သွင်းကြရာ ကရင်ပြည်နယ် လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးကို ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှသိန်းက အဆိုတင်သွင်းပြီး ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှဦးရှားရယ်ကထောက်ခံတင်သွင်းသည်။

ဆက်လက်၍ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာ မနာမ်တူးဂျာကို တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသန်းအေး(ခ) ဦးတင်ဦးက အဆိုတင်သွင်းပြီး မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောသွင်နှင့် မွန်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ် အမှတ်(၁)မှ ဦးရဲထွဋ်အောင်တို့က ထောက်ခံတင်သွင်းကြသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများအဖြစ် ကရင်ပြည်နယ် လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာ မနာမ်တူးဂျာတို့ကို အမည်စာရင်း တင်သွင်းကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ ရွေးကောက်ခံ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် တစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည် ဖြစ်သောကြောင့် ရွေးကောက်ခံ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က စိစစ်ရေးအဖွဲ့ဝင် တစ်ဦးကို ရွေးချယ်ပေးရန်အတွက် အဆိုပြုလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူပြီး အဆိုပြုကြရန် ကြေညာသည်။



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ဆက်လက်၍ ရွေးကောက်ခံ အမျိုးသား လွှတ်တော်ကိုယ်စား လှယ်များအစုအဖွဲ့က နိုင်ငံတော် သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေး အဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စား လှယ်တစ်ဦးအား အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာပုံစံ ကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှသိန်းကို ဧရာဝတီ တိုင်းဒေသကြီး (အချိုးကျကိုယ်စား ပြုစနစ်)မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့်က အမည် စာရင်းတင်သွင်းပြီး ပဲခူးတိုင်း ဒေသကြီး (မဲအများဆုံးရသူအနိုင် ယူစနစ်) မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်ထွန်းက ထောက်ခံတင်သွင်း သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမည်တင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် ပဲခူးတိုင်း ဒေသကြီး (အချိုးကျကိုယ်စားပြု စနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှသိန်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ဝင် အဖြစ် ရွေးချယ်ကြောင်းကြေညာ သည်။

ယင်းနောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို မတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အထိမ်းအမှတ် Unity In Action အခမ်းအနားကျင်းပ




ရန်ကုန် မတ် ၁၀

မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အထိမ်းအမှတ် Unity In Action အခမ်းအနားကို မတ် ၂၈ ရက်ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ကျင်းပသည်။

ဦးစွာ မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head Of Delegation Ms. Nadia KHOURY နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ Head of Programs & Prevention Mr. Xavier Collard de Macquerh တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာ တင်မောင်လှိုင်က ငလျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တစ်နှစ်တာအတွင်း ငလျင်တုံ့ပြန်ရေးနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားရှိမှု၊ မိတ်ဖက်ကြက်ခြေနီအသင်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုများကို ပြသသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်တင်လေး၊ အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာ တင်မောင်လှိုင်နှင့် ပါမောက္ခဒေါက်တာ ဒေါ်ရီရီတင်တို့က ငလျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီစေတနာလုပ်အားရှင်များ ကိုယ်စား ကြက်ခြေနီ စေတနာလုပ်အားရှင် ၁၅ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဒုတိယ အထွေထွေအတွင်းရေးမှူးများ၊ လက်ထောက် အထွေထွေအတွင်းရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီနှင့် မိတ်ဖက်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ပြည်တွင်း/ပြည်ပမှ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီး မစ္စတာ မူတာ့ဇ် အဗ္ဗဒူလာ အဗ္ဗဒူလ်ဂျာလဲလ် မိုဟာမက် အယ်လ်ဖာ ဟင်းမ်အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ်ခန့်အပ်လွှာ လာရောက်ပေးအပ်

နေပြည်တော် မတ် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် Mr. Barnaby Jones သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ Call Center သို့ သတင်းပေးပို့ တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၃၀

ပြည်သူများစက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ထားသော အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူး၊ ပြင်ဦးလွင်နှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိပြီး ပြည်သူများက တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို Call Center သို့နေ့စဉ် နံနက် (၆)နာရီမှ ည(၁၀)နာရီအထိ မေးမြန်းလာမှုများအပေါ် ဖြေရှင်းပြန်ကြား ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူရာတွင် သိရှိလိုသည်များကို စုံစမ်းမေးမြန်းခြင်းအပြင် ဝယ်ယူသုံးစွဲသူများထိခိုက်နစ်နာစေသည့် ဆိုင်ပိတ်ထားခြင်း၊ Scan မဖတ်ဘဲ ရောင်းချခြင်း၊ ဈေးတင်ရောင်းချခြင်း၊ တရားမဝင်ရောင်းချခြင်းများကို Call Center သို့ သတင်းပေးပို့ တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ အရောင်းဆိုင် ယာယီပိတ်သိမ်းခြင်းနှင့် အရောင်းဆိုင်မှ တာဝန်ရှိသူများကို အရေးယူထားရှိမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ “TGB” စက်သုံးဆီ အရောင်းဆိုင်၊ ပုဗ္ဗသီရိမြို့နယ်ရှိ “ရွှေပိုး” စက်သုံးဆီအရောင်းဆိုင်၊ “Terminal 001” စက်သုံးဆီ အရောင်းဆိုင်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ “Away” စက်သုံးဆီအရောင်းဆိုင်၊ အမရပူရမြို့နယ်ရှိ “အောင်ဗိုလ်ဟိန်း” စက်သုံးဆီအရောင်းဆိုင်၊ စဉ့်ကိုင်မြို့နယ်ရှိ “စိန်စီအောင်” စက်သုံးဆီအရောင်းဆိုင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ “အောင်သန်းကျော်” စက်သုံးဆီအရောင်းဆိုင်၊ “အောင်သိဒ္ဓိ” စက်သုံးဆီအရောင်းဆိုင်၊ “ရွှေခြသေ့်” စက်သုံးဆီအရောင်းဆိုင်၊ “မိုးကောင်းကင်” စက်သုံးဆီအရောင်းဆိုင်၊ “စွမ်းအင်” စက်သုံးဆီအရောင်းဆိုင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ “Apex” စက်သုံးဆီအရောင်းဆိုင်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ “BOC” စက်သုံးဆီအရောင်းဆိုင်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ “စွမ်းမြန်မာ” စက်သုံးဆီအရောင်းဆိုင်၊ ညောင်ပင်ဆိပ်ရပ်ကွက်ရှိ “Parent Love- 01” စက်သုံးဆီအရောင်းဆိုင်၊ ကျိုက်မရောမြို့နယ်ရှိ “Puma Power” စက်သုံးဆီအရောင်းဆိုင်၊ ပေါင်မြို့နယ်ရှိ “မင်းသန့်-၉” စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် ၁၇ ဆိုင်ကို အရေးယူထားရှိခဲ့ပြီးဖြစ်သည်။

ထို့ပြင် Bar Code/ QR Code များဖြင့် ရောင်းချနေမှုများကို Online Monitoring Center မှ စောင့်ကြည့်ကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ Bar Code/ QR Code များ Scan ဖတ်ခြင်းမပြုဘဲရောင်းချနေကြောင်း စိစစ်တွေ့ရှိရသည့် နေပြည်တော်ကောင်စီနယ်မြေမှ စက်သုံးဆီအရောင်းဆိုင်(၃)ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ အရောင်းဆိုင်(၄)ဆိုင်၊ မန္တလေးတိုင်းဒေသကြီးမှ အရောင်းဆိုင်(၁၀)ဆိုင်နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ အရောင်းဆိုင် (၇)ဆိုင်တို့အား ပြင်းထန်စွာ သတိပေးထားရှိပြီး ညွှန်ကြားချက်များအားလိုက်နာမှုမရှိကြောင်း ထပ်မံစိစစ်တွေ့ရှိရပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# Global Education Innovation Forum မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး မတ် ၃၀**

မန္တလေး၊ ရန်ကုန် RVi Group မှ စီစဉ်ကျင်းပသည့် Global Education Innovation Forum (GEIF) Myanmar 2026 ကို မန္တလေးမြို့၌ မတ် ၂၈ ရက်က ကျင်းပပြီးစီးခဲ့ပြီး ရန်ကုန်မြို့၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ဖိုရမ်သည် AI ခေတ်အတွက် ပညာရေး၏ အနာဂတ်နှင့် သင်ကြားရေး နည်းလမ်းအသစ်များကို ဆွေးနွေးခဲ့သည်။ ဖိုရမ်ကို ပြည်တွင်းနှင့် ပြည်ပမှ ပညာရေးနယ်ပယ် ကျွမ်းကျင်သူများ စုဝေးကာ နည်းပညာနှင့် သင်ကြားရေးပေါင်းစည်းမှုအခန်းကဏ္ဍကို ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

အဓိက ဟောပြောသူများအနေဖြင့် Cambridge တက္ကသိုလ်မှ ဒေါက်တာ Benson Soong, Harvard Business School MBA ဘွဲ့ရ Mr. Nigel Killick နှင့် နိုင်ငံတကာပညာရေးအကြံပေး Mr. Wayne Schlegel တို့ပါဝင်ကာ နောက်ဆုံးပေါ်အမြင်များနှင့် အတွေ့အကြုံများကို မျှဝေမည်ဖြစ်သည်။

ထို့အပြင် ပညာရေးတီထွင်ဆန်းသစ်မှုနှင့် ဦးဆောင်မှုနယ်ပယ်မှ ကျွမ်းကျင်သူများက သင်ကြားရေး နည်းလမ်းအသစ်များနှင့် အနာဂတ်လိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။

ဖိုရမ်အတွင်း ဆရာ၊ ဆရာမများ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုရန် Inspiring Educator of the Year Award နှင့် Education Innovation Awards များကို ချီးမြှင့်မည်ဖြစ်ပြီး ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်၊ ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်မည်ဖြစ်သည်။ GEIF 2026 ကို Amdon Consulting, My Second Teacher, Reallyenglish နှင့် STEMWerkz တို့က မိတ်ဖက်အဖြစ် ပံ့ပိုးထားပြီး Singapore Association of Myanmar မှလည်း ကူညီပံ့ပိုးမည်ဖြစ်သည်။

ဖိုရမ်သည် မြန်မာနိုင်ငံတွင် ပညာရေးတီထွင်ဆန်းသစ်မှုကို မြှင့်တင်ရန်နှင့် AI ခေတ်အတွက် လိုအပ်သော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်လာစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဈ)



## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁)ရက် (ဗုဒ္ဓဟူးနေ့)သည် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အသက်သည် သွေး သွေးသည် အသက်**



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့) ကျင်းပ

**မန္တလေး မတ် ၃၀**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး ရှိသည့်အနက် ၇၂ ဦး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသား လူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးဆိုင်ရာ ကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ကော်မတီများ ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကော်မတီ၊ စည်ပင်သာယာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကော်မတီနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယင်းကော်မတီများအား ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ၎င်းကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ကော်မတီများဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားလိုက်ပြီး အစည်းအဝေး (စတုတ္ထနေ့)ကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# မုံရွာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးအဆင့် အမိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြ

**မုံရွာ မတ် ၃၀**

မုံရွာမြို့တွင် မတ် ၂၆ ရက် နံနက်က စစ်ကိုင်းတိုင်းဒေသကြီးအဆင့် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြပွဲကို ကျင်းပခဲ့သည်။

သရုပ်ပြပွဲကို မုံရွာမြို့ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မုံရွာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"စစ်ကိုင်းတိုင်းဒေသကြီး အတွင်း တိုင်း၊ ခရိုင်၊ မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးများအနေနဲ့ လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်မှာရှိတဲ့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး အမှိုက်ပုံးတွေ ထားရှိပြီး အမှိုက်ပုံးလေးပုံးမှာ အမှိုက်တွေကို အမျိုးအစားခွဲခြားစွန့်ပစ်ပေးဖို့ ဝန်ထမ်းအားလုံးနဲ့ ဝန်ထမ်းမိသားစုဝင်များကိုပါ ထပ်ဆင့်မှာကြားလိုပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက ပြောသည်။

သယံဇာတရေးရာဝန်ကြီး အနေဖြင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ရရှိရန် သန့်ရှင်းသောလေထု၊ ရေထု၊မြေထုဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရန်၊ လူမှုပတ်ဝန်းကျင်တစ်ခုလုံး ကျန်းမာဘေးကင်းအသက်ရှည်စေရန် အမြဲလိုလားကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်က အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်တတ်စေရေး သရုပ်ပြလှုပ်ရှားမှု ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများက အမှိုက်အမျိုးအစားခွဲခြားမှုကို လက်တွေ့သရုပ်ပြသကြရာ သယံဇာတရေးရာဝန်ကြီးနှင့် တက်ရောက်လာသူများက ကြည့်ရှုအားပေး၍ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်မှု လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့သို့ အမှိုက်ပုံးလေးပုံးစီ ပေးအပ်ခဲ့သည်။

သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူအားလုံးက သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ရရှိရန် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ဝန်ကြီးက တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၃၉၄)**



# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက် မတ် ၃၀ ရက်မှ ဧပြီ ၅ ရက်အထိ

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်တွင် ၄၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။



**လေထုစိုထိုင်းဆ အခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၄၇ ရာခိုင်နှုန်းမှ ၅၈ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၅၉ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၃ မီလီမီတာမှ ၃၃ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၅ မီလီမီတာမှ ၅၅ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**(ဓာတ်ပုံ) ရွှေမန်း**

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Miami Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**မိုင်ယာမီ မတ် ၃၀**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ချက်တင်းနစ်ကစားသမား Jiri Lehecka အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2026 Miami Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ) (NGB)



## ပြင်သစ်အသင်းက ကိုလံဘီယာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၃၀**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပြင်သစ်အသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက ကိုလံဘီယာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၉မိနစ်နှင့် ၅၆မိနစ်တွင် ဒူအီ၊ ပွဲချိန် ၄၁မိနစ်တွင် သူရမ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ပြင်သစ်အသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဧပြီ ၅ ရက်တွင် အိုင်ဗရီကို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဂျိုဆေးလူ အယ်လ်ဂါရာဖာအသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် မတ် ၃၀**

တိုက်စစ်မှူး ဂျိုဆေးလူသည် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကာတာကလပ် အယ်လ်ဂါရာဖာအသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၃၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဂျိုဆေးလူသည် အယ်လ်ဂါရာဖာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၇ ပွဲ ကစားပြီး ၂၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

(အောက်ပုံ)

ထို့ကြောင့် ဂျိုဆေးလူအနေဖြင့် အယ်လ်ဂါရာဖာအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## စီဘာယ်လော့စ်ကို ခေါ်ယူရန် ဘက်တစ်အသင်း စီစဉ်

**မက်ဒရစ် မတ် ၃၀**

ဘက်တစ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား စီဘာယ်လော့စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ စီဘာယ်လော့စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၄ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘက်တစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား စီဘာယ်လော့စ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ဘက်တစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ စီဘာယ်လော့စ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## အီဆက်ဟီယန် ပေါင်ဒဏ်ရာကြောင့် ရက်သတ္တ အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**တူရင် မတ် ၃၀**

ဆွီဒင်လက်ရွေးစင်အသင်း



နှင့် အတ္တလန္တာအသင်း နောက်ခံကစားသမား အီဆက်ဟီယန် ပေါင်ဒဏ်ရာကြောင့် ရက်သတ္တ အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။ (ဝဲပုံ)

အဆိုပါ နောက်ခံကစားသမားသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဆွီဒင်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အီဆက်ဟီယန် ဒဏ်ရာပြသနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဆွီဒင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အတ္တလန္တာအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမား အီဆက်ဟီယန်သည် ဆွီဒင်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲ ၂၇ပွဲကစားကာ ခြေစွမ်းပြထားသည်။ (NGB)

### ၂၀၂၆-၂၀၂၇ နေးရှင်းလိဂ်အုပ်စုဝင်ခွင့်(Play-Offs ဒု-ကျော့)ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ပ-ကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|
| ၃၁-၃-၂၀၂၆<br>ည ၁၀း၃၀နာရီ | လတ်ဗီယား - ဂျီဘရော်လ်တာ | ဂျီဘရော်လ်တာ ၀-၁ လတ်ဗီယား |
| ။ | လူဇင်ဘတ် - မော်လ်တာ | မော်လ်တာ ၀-၂ လူဇင်ဘတ် |

## ဒေးဗစ်မွိုက်စ်ကို စာချုပ်သက်တမ်းတိုးရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် မတ် ၃၀**

အဲဗာတန် အသင်းသည် အသင်းနည်းပြ ဒေးဗစ်မွိုက်စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၁ ပွဲကစားအပြီးတွင် ရမှတ် ၄၆ မှတ်ဖြင့် အဆင့်(၈) နေရာတွင် ရပ်တည်နေပြီး ရလဒ်များ ကောင်းမွန်ခြင်းကြောင့် နည်းပြ ဒေးဗစ်မွိုက်စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဒေးဗစ်မွိုက်စ်သည် အဲဗာတန်အသင်းကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၅၄ ပွဲတွင် ၂၂ ပွဲ နိုင်၊ ၁၅ပွဲသရေ၊ ၁၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အဲဗာတန်အသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ ဒေးဗစ်မွိုက်စ်ကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## နည်းပြ တူဒေါ်ကို နည်းပြရာထူးမှ စပါးအသင်းထုတ်ပယ်

**လန်ဒန် မတ် ၃၀**

စပါးအသင်းသည် အသင်းနည်းပြ တူဒေါ်ကို နည်းပြ ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၃၁ပွဲကစားအပြီးတွင် ရမှတ် ၃၀မှတ်ဖြင့် အဆင့်(၁၇)နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြတူဒေါ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ တူဒေါ်သည် စပါးအသင်းကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၇ပွဲတွင် ၁ပွဲနိုင်၊ ၁ပွဲသရေ၊ ၅ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

စပါးအသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ တူဒေါ်အား ရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



### ၂၀၂၇ အာရှဖလားခြေစစ်ပွဲ (တတိယအဆင့်)ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၃၁-၃-၂၀၂၆<br>ညနေ ၃း၃၀ နာရီ | ပါကစ္စတန် - မြန်မာ |

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ခွင့် (ကွန်ဖက်ဒရေးရှင်း Play-Offs ဗိုလ်လုပွဲ)ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁-၄-၂၀၂၆<br>နံနက်၀၃း၃၀နာရီ | DR ကွန်ဂို - ဂျမေကာ |
| ၁-၄-၂၀၂၆<br>နံနက် ၉း၃၀ နာရီ | အီရတ် - ဘိုလီဗီးယား |

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ခွင့်(ဥရောပဇုန် Play-Offs ဗိုလ်လုပွဲ)ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၁-၄-၂၀၂၆<br>နံနက်၀၁း၁၅ နာရီ | ဘော့စနီးယား - အီတလီ | ဘော့စနီးယား ၀-၂ အီတလီ<br>အီတလီ ၁-၀ ဘော့စနီးယား |
| ။ | ချက် - ဒိန်းမတ် | ချက် ၁-၂ ဒိန်းမတ်<br>ဒိန်းမတ် ၀-၀ ချက် |
| ။ | ကိုဆိုဗို - တူရကီ | ကိုဆိုဗို ၁-၄ တူရကီ<br>တူရကီ ၂-၀ ကိုဆိုဗို |
| ။ | ဆွီဒင် - ပိုလန် | ဆွီဒင် ၃-၂ ပိုလန်<br>ပိုလန် ၂-၀ ဆွီဒင် |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် လစ်လပ်လျက်ရှိသော ဌာနစုမှူး(စီမံ၊ အင်ယာ) ရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲ ကျင်းပ

**မန္တလေး မတ် ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် လစ်လပ်လျက်ရှိသော ဌာနစုမှူး(စီမံ/အင်ယာ) လစာနှုန်း(၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)ရာထူးနေရာအတွက် အရည်အချင်းစစ်စာမေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ကော်မတီဝင်(၃) ဦးကျော်သူဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး စီမံရေးရာဌာန၊ ဌာနမှူး ဒေါ်စံသာမွန်၊ ဒုတိယဌာနမှူး၊ ဌာနခွဲမှူးနှင့် ဌာနစုမှူးများက စနစ်တကျ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြသည်။

ဌာနစုမှူး(စီမံ/အင်ယာ)ရာထူးနေရာအတွက် အရည်အချင်းစစ်စာမေးပွဲတွင် ဌာနစုမှူး(စီမံ)ရာထူးနေရာအတွက် ၃၈ ဦးနှင့် ဌာနစုမှူး(အင်/ယာ)ရာထူးနေရာအတွက် ၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)





## ၂၀၂၆ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားရိုးရာမဏ္ဍပ်ငယ်များ ပါဝင်ဆင်နွှဲဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**မန္တလေး မတ် ၃၀**

၂၀၂၆ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားရိုးရာမဏ္ဍပ်ငယ်များ ပါဝင်ဆင်နွှဲဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရုစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်က မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားရိုးရာမဏ္ဍပ်ငယ်များ ပါဝင်ဆင်နွှဲဆောင်ရွက်နိုင်ရေးလုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဖိတ်ကြားထားသည့် မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့တို့က သင်္ကြန်ပွဲတော်အတွင်း တိုင်းရင်းသားရိုးရာမဏ္ဍပ်ငယ်များကို သက်ဆိုင်ရာ ရိုးရာဓလေ့နှင့်အညီ ပါဝင်ဆင်နွှဲကျင်းပနိုင်ရေးအတွက် အသီးသီး ဆွေးနွေးခဲ့ကြပြီးနောက် တက်ရောက်လာကြသူများက သင်္ကြန်ပွဲတော်ကာလ ရိုးရာယဉ်ကျေးမှုများနှင့်အညီ ပါဝင်ဆင်နွှဲနိုင်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တိုင်းရင်းသားရေကစားမဏ္ဍပ်များကို ၂၆ လမ်း၊ ၆၉ လမ်းမှ ၇၇ လမ်းအထိ ဆောက်လုပ်သွားမည်ဖြစ်ရာ တိုင်းရင်းသားရိုးရာအကများ၊ စတုဒိသာ အကျွေးအမွေးအစီအစဉ်များ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ ပူပြင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ယနေ့မွန်းလွဲ ၃ နာရီခွဲက လက်ထောက်ဦးစီးမှူး ဦးဇော်လွင်မိုးနှင့်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်စဉ်။

(ကဆ)




## ကျောက်ဆည်မြို့နယ်၌ တမုတ်မြောင်းရေဖြင့် ကျေးရွာအုပ်စု ၁၀ အုပ်စု၌ နွေစပါး ၁၂၅ ကေနှင့် နွေနှမ်း ၈၆၉ ကေ စိုက်ပျိုးပြီးစီး

**ကျောက်ဆည် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ တမုတ်မြောင်းရေဖြင့် ကျေးရွာအုပ်စု ၁၀ အုပ်စု၌ နွေစပါး ၃၅၃ ဧကနှင့် နွေနှမ်း ၄၀၂၈ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယခုအခါ နွေစပါး ၁၂၅ ဧကနှင့် နွေနှမ်း ၈၆၉ ဧက စုစုပေါင်း ၉၉၄ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

တမုတ်မြောင်းရေဖြင့် နွေစပါးနှင့် နွေနှမ်းများ စိုက်ပျိုးရာ၌ လက်ပန်ပင်ကျေးရွာအုပ်စု၌ နွေစပါး ဧက ၂၀၊ နွေနှမ်း ဧက ၃၀၊ မယ်ဇယ်ပင်ကျေးရွာ၌ နွေနှမ်း ဧက ၅၀၊ တံစိုးကျေးရွာအုပ်စု၌ နွေနှမ်း ၅၃ ဧက၊ သူငယ်တော်ကျေးရွာ၌ နွေနှမ်း ၅၁ ဧက၊ ပွတ္တိုင်ကျေးရွာအုပ်စု၌ နွေစပါး ၅၀ ဧက၊ နွေနှမ်း ၁၅၀ ဧက၊ မြောင်းဦးကျေးရွာအုပ်စု၌ နွေစပါးဧက ၂၀၊ နွေနှမ်းဧက ၅၀၊ အနောက်သာဂရကျေးရွာအုပ်စု၌ နွေစပါး ၃၅ ဧက၊ နွေနှမ်းဧက ၂၃၀၊ ရွာပုလဲကျေးရွာအုပ်စု၌ ဧက ၁၅၀၊ ကတဲကျေးရွာအုပ်စု၌ နွေနှမ်းဧက ၅၀၊ ပနန်ကျေးရွာအုပ်စု၌ နွေနှမ်း ၅၅ ဧက စုစုပေါင်း ၉၉၄ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ(ဒုတိယနေ့) ဖြေဆိုလျက်ရှိ

**မြင်းခြံ မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ သာသနာရေးဦးစီးဌာနမှ ကျင်းပသည့် ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ(ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရွှေပြည်စိုး သာသနာ့ဗိမာန်တော်တွင် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ၏ ကြီးကြပ်မှုဖြင့် ပါဠိပထမပြန်စာမေးပွဲ (ဒုတိယနေ့)ကို ဖြေဆိုလျက်ရှိရာ ကစ္စည်းသဒ္ဒါကြီး ပထမကြီးတန်း ဖြေဆိုသံဃာ ၃၃ ပါး၊ ပထမလတ်တန်း ဖြေဆိုသံဃာ ၄၀ ပါးနှင့် သီလရှင် ၂ ပါး၊ ပထမငယ်တန်း ဖြေဆိုသံဃာ ၈၄ ပါးနှင့် သီလရှင် ၃ ပါး၊ အခြေပြုမူလတန်း ဖြေဆိုသံဃာ ၁၂၁ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ထိုသို့ စာဖြေသံဃာတော်များနှင့် သီလရှင်များ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ အလှူရှင်များက ဝတ္ထုငွေများနှင့် အအေးများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၃၆၆)

## နွေရာသီ အားကစားသင်တန်းဆင်းပွဲကျင်းပ

**ညောင်ရွှေ မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ မြို့နယ်အားကစားရုံ၌ ယနေ့နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစား အခြေခံသင်တန်း သင်တန်းဆင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အားကစားနည်းအလိုက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် တာဝန်ရှိသူများကပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံကြပြီး သင်တန်းသား၊ သင်တန်းသူများက ဗိုဗီနမ်၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို အားကစားနည်းအလိုက် သရုပ်ပြတင်ဆက်ကာ သင်တန်းနည်းပြများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ နွေရာသီအားကစား အခြေခံသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ မြန်မာ့သိုင်း၊ စားပွဲတင်တင်းနစ် အားကစားနည်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၃၆၈)



## ၂၀၂၆ ခုနှစ် "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် **"လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှမန်းသင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပါမည်။

ပြိုင်ပွဲစည်းကမ်းချက်များ

၁။ ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ၊ ၁၄ လက်မ)အလျားလိုက် ရောင်စုံဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူ အမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိက ဆုစာရင်းပယ်ဖျက်ပါမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အောက်ပါအချက်အလက်များ ပါဝင်ရမည်။
   (က) မန္တလေး၏အငွေ့အသက်
   (ခ) မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်
   (ဂ) သင်္ကြန်အငွေ့အသက်
   (ဃ) သနပ်ခါးနှင့် လက်ဖက်ယဉ်ကျေးမှုကို ဖော်ကျူးပြသခြင်း။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလ လမ်းလျှောက်သင်္ကြန်ပွဲအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရပါမည်။ ပြိုင်ပွဲဝင်ပုံများသည် အခြားပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရထားပြီးပုံများ မဖြစ်စေရ။ စီးပွားရေးကြော်ငြာများ၊ မီဒီယာများနှင့် Website များတွင် အသုံးပြုပြီးပုံများ မဖြစ်စေရ။ ၄င်းတို့နှင့် ဆင်တူယိုးမှားပုံများ မဖြစ်စေရ။

၃။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာလျှင် တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာဖြစ်ပေါ်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုများကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် နိုင်ငံတော်၏ မူဝါဒ ဆန့်ကျင်သောပုံများ၊ အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ တည်ဆဲဥပဒေနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။ ပုံထဲမှရှိနေသည့် အရာဝတ္ထုများအား ဖယ်ထုတ်ခြင်း၊ မရှိသည့်အရာဝတ္ထုများ ထည့်သွင်းခြင်း မပြုလုပ်ရ။ အလွန်အကျူးပြုပြင်ထားသောပုံများ မဖြစ်စေရ။ ရိုက်ကူးသည့် မူရင်းပုံအား အလင်းအမှောင်၊ Cropping ၊ ကာလာချိန်သည့် ပြိုင်ပွဲပုံများဖြစ်ရမည်။ ယခင်ပုံဟောင်းများ မဖြစ်စေရ။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအား ထိုက်တန်စွာ ဆုချီးမြှင့်မည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲတွင်(ပထမ၊ ဒုတိယ၊ တတိယ)ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၁)ဆုသာလျှင် ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုလိုသော မည်သည့်ကိစ္စတွင်မဆို အသုံးပြုရန် သဘောတူခွင့်ပြုရမည်။

၇။ ပြိုင်ပွဲဓာတ်ပုံများကို Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, Gopro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ရိုက်ကူးထားသည့် မူရင်း Print File တို့ကို CD ဖြင့် တစ်ပါတည်း တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို **(၂၁-၄-၂၀၂၆)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးသို့ ပေးပို့ရပါမည်။

၉။ ပဏာမရွေးချယ်ခြင်းကို **(၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) (ညနေ ၄:၀၀ နာရီ)** တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲ စံနှုန်းများနှင့်အညီ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများ၏ ပဏာမစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်သွားပါမည်။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံရှင်များထံ အချိန်မီအကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၀။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို **(၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၉:၀၀ နာရီ) မှ (၂၉-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၆:၀၀ နာရီ)** အထိ MCDC Facebook Page တွင်တင်ပြီး Like ရရှိမှုအရေအတွက်ပေါ်မူတည်၍ ဆုရွေးချယ်သွားမည် ဖြစ်ပါသည်။

၁၁။ ပြိုင်ပွဲဝင်ပုံတိုင်း၏ နောက်ကျောတွင် **အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးထားသည့် ခံဝန်ချက်ပြည့်စုံစွာ ရေးထားသော စာရွက်များကို** တိပ်ဖြင့် သေချာစွာ ကပ်ပေးရမည်။ ပြိုင်ပွဲပုံ၏ နောက်ကျောတွင် မည်သည့်အမှတ်အသားမှ မပါရှိစေရ။ ပုံတွင်လည်း ရေစာအမှတ်အသား မပါစေရ။

၁၂။ ဆုရွေးချယ်ခံထားရသော ဆုရပုံများအား ကန့်ကွက်လိုပါက ပြိုင်ပွဲစိစစ်ရေးကော်မတီသို့ ဆုရွေးချယ်ထုတ်ပြန်ပြီးအတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူဘက်မှ မှန်ကန်ပါက ဆုစာရင်းပယ်ဖျက်မည်။ ဆုရရှိသူဘက်မှ မှန်ကန်ပါက ဆုကို ဆက်လက်အတည်ပြုမည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ၂၀၂၆ ခုနှစ် 'ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀:၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀:၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်



**ပုဗ္ဗသီရိ မတ် ၃၀**

သဘာဝဘေးအန္တရာယ် အကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင် မျိုးဆက်သစ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (YGW)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သတ်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ငလျင်မလှုပ်မီ ကြိုတင်ကာကွယ်ရန် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဦးဇော်မိုးလွင်က ငလျင်၏ သဘောသဘာဝနှင့် ငလျင်ဘေးအန္တရာယ်၊ ငလျင်အဆင့် သတ်မှတ်ချက်များနှင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသော ပြင်းအားလျော့များအကြောင်းကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဝင်းက မီးဘေးအန္တရာယ်အကြောင်းနှင့် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြု စစ်ဆေးပုံအကြောင်းကိုလည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် အဝါရောင် မျိုးဆက်သစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(YGW) မှ ဦးဆောင်ဆရာတော် ဘဒ္ဒန္တပညာသိရီက ကျေးဇူးတင် ဩဝါဒစကားပြောကြားကာ ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ ကယ်ထုတ်ခြင်း လုပ်ငန်းစဉ်နှင့် မီးငြိမ်းသတ်ခြင်းများကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ကို(ပြန်/ဆက်)**

*-*-*-*-*-*-*

ကျန်းမာရေးကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ဆီးချဉ်သီး**

ဆီးချဉ်သီးဟာ အညာဒေသတွေမှာ အလွန်ပေါများစွာ ပေါက်ရောက်ပါတယ်။ ချဉ်လွန်းလို့ ကြိုက်တဲ့သူ နည်းပါတယ်။ ဆီးချဉ်သီးကို ယိုထိုးစားရုံလောက်ပဲ အသုံးတည့်တာ သိခဲ့တာ။ ဆီးသီးမျိုးတွေထဲမှာဆို ဆီးချဉ်သီးက အဖိုးအတန်ဆုံးလို့ ပြောလို့ရပါတယ်။ ဆီးချဉ်သီးဟာ အလွန်ဆေးဖက်ဝင်ပါတယ်။

သည်းခြေနဲ့ပတ်သက်တဲ့ရောဂါ၊ နှလုံးနဲ့ဆိုင်တဲ့ ရောဂါတွေအတွက် ဆီးချဉ်သီးကို အသုံးပြုပြီး ကုသလို့ရပါတယ်။

တရုတ်နိုင်ငံက မြန်မာ့ဆီးချဉ်သီး အစေ့၊ အဆန်တွေကို ဝယ်ယူပြီး သူတို့ရဲ့ရိုးရာ နှလုံးအားဆေးတွေအပြင် ရောဂါအများစုအတွက် အသုံးပြုတဲ့ဆေးတွေမှာ ဖော်စပ်နေပြီဖြစ်ပါတယ်။ ထိုနည်းတူ ဂျပန်နိုင်ငံရဲ့ ရိုးရာဆေးတွေမှာလည်း အသည်းနဲ့ဆိုင်တဲ့ ရောဂါတွေအတွက် ဆီးချဉ်သီးကို သုံးကြပါတယ်။

သည်းခြေငုပ်ခြင်းနဲ့ သည်းခြေပွခြင်းအတွက် ဆီးချဉ်သီးကို အသုံးပြုကြပါတယ်။ အအေးကြောင့်ဖြစ်တဲ့ သည်းခြေငုပ်ခြင်းနဲ့ မီးယပ်သည်းခြေရောဂါအတွက် ဆီးချဉ်သီးတစ်ပိဿာကို ပြုတ်ပြီး ပြုတ်ရည်ကို စစ်ယူပါ။ ထို့နောက် သကြားတစ်ပိဿာကို ထိုပြုတ်ရည်ထဲထည့်၍ မွှေပေးပါ။ ထိုအရည်ကို နံနက် လက်ဖက်ရည်ပန်းကန်တစ်လုံး၊ ညလက်ဖက်ရည်ပန်းကန်တစ်လုံးသောက်ပေးပါက အထက်ပါရောဂါများ ပျောက်ကင်းပါတယ်။



**ခံသီး**

သံဓာတ်ကြွယ်ဝတဲ့အတွက် သွေးအားနည်းရောဂါများ ကုသရာမှာ အကျိုးပြုပါတယ်။

အသည်းမှ သည်းခြေရည်များစွာ ထွက်နေတာကို ကာကွယ်ပေးနိုင်ပါတယ်။

ဝမ်းပျက်ဝမ်းလျှောဖြစ်နေတာကို သက်သာစေပါတယ်။

နှလုံးရဲ့လုပ်ငန်းဆောင်တာများ ပုံမှန်လည်ပတ်စေရန် ထိန်းပေးနိုင်တဲ့အတွက် နှလုံးရောဂါမဖြစ်စေရန် တားဆီးပေးနိုင်ပါတယ်။

လတ်ဆတ်တဲ့ ခံသီးဖျော်ရည်ကို နေ့စဉ် ၁၅၊ ၂၀ mlသောက်သုံးပေးရင် နှလုံးကြွက်သားများကို သန်မာစေပါတယ်။

အရွက်တွေက အဖျားရောဂါကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်အတွင်းပိုင်း သွေးယိုစီးနေတာကို ခံသီးမှည့်စားပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါတယ်။

လတ်ဆတ်တဲ့ အသီးဖျော်ရည်သောက်သုံးပါက ခံတွင်းလိုက်ပြီး အစာခြေဖျက်မှုကို ပိုကောင်းစေပါတယ်။

ခံသီးပွင့်၊ အရွက်နဲ့ ပင်စည်အခေါက်များကရတဲ့ အနှစ်ကို ဒဏ်ရာအနာများပေါ် လိမ်းပေးပါက သက်သာစေပါတယ်။

အမြစ်ကို သွေးပြီး ရတဲ့အနှစ်ကို ဆီးချိုကြောင့်ဖြစ်တဲ့ ပြည်တည်တဲ့ အနာ၊ ရင်းတဲ့အနာများကို ကုသရာမှာ သုံးပါတယ်။

ချောင်းဆိုးတာကို သက်သာစေပါတယ်။

သွေးထဲမှ အညစ်အကြေးတွေကို ဖယ်ထုတ်ပေးပြီး သွေးသားကို သန့်စင်စေပါတယ်။

သွေးတွင်းသကြားဓာတ်ကို လျော့နည်းစေလို့ ဆီးချိုရောဂါကုသရာမှာ အကူအညီပေးပါတယ်။

ခံသီးပင်အမြစ်မှာ Salycylic နဲ့ Cardiac Glycosides တွေ ပါဝင်နေတဲ့အတွက် သွေးဖိအားကို အနည်းငယ်ကျစေပါတယ်။

ခံသီးပင်ကနေ ပန်းရောင်ဆိုးဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။

အမြစ်ကို အမှုန့်ဖြစ်အောင် ထောင်းပြီး ယင်ကောင်များ မလာရန် တားဆေးအဖြစ် သုံးကြပါတယ်။



**တရုတ်ဆီးသီး(လေချူသီး)**

အစာအိမ်ရောဂါ၊ အိပ်မပျော်တဲ့ရောဂါ၊ သွေးလေချောက်ချားစိတ်ကျရောဂါ၊ အစာမျိုလမ်းကြောင်းရောဂါတွေကို သက်သာစေတဲ့အပြင် နှလုံးကိုပါ ကျန်းမာစေပြီး ခန္ဓာကိုယ်ရဲ့ သွေးလှည့်ပတ်မှုစနစ်ကို ကောင်းမွန်စေကာ အာရုံကြောစနစ်တွေကိုလည်း နိုးကြားစေတယ်လို့ တရုတ်ဆေးပညာရှင်တွေက အဆိုပြုထားပါတယ်။

တရုတ်ဆီးသီးရဲ့ ပန်းပွင့်နဲ့ အစေ့ကို ဓာတ်ခွဲစမ်းသပ်တဲ့အခါ ဓာတ်တိုးဆန့်ကျင်နိုင်တဲ့ အာနိသင်၊ ရောင်ရမ်းတာကို လျော့စေတဲ့ အာနိသင်တွေရှိတဲ့ Polyphenols (Proanthocyanidin A2, Gallic Acid, Ellagic Acid) များ ကြွယ်ဝစွာပါဝင်နေတာကို တွေ့ရပါတယ်။

အာနိသင်ပြင်းတဲ့ Polyphenol နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါဝင်နေတဲ့အတွက် တရုတ်တိုင်းရင်းဆေးပညာမှာ ပန်းပွင့်နဲ့ အစေ့တို့ရဲ့အနှစ် (Extract)ကို ကင်ဆာရောဂါနဲ့ ဆီးချိုရောဂါကုသရာမှာ အသုံးပြုပါတယ်။

ကင်ဆာရောဂါများ (Colorectal, Liver, Lung, Breast Cancer)များကို ကုသရာမှာ အသုံးပြုကြတယ်လို့ ဆိုပါတယ်။

Proanthocyanidin ဓာတ်ပေါင်းက စပျစ်သီးအစေ့မှာလည်း များစွာပါဝင်ပါတယ်။ နှလုံးရောဂါ၊ ကင်ဆာရောဂါနဲ့ နာတာရှည်ရောင်ရမ်းတဲ့ရောဂါတွေ ကုသရာမှာ အကျိုးပြုပါတယ်။

သံဓာတ်များစွာပါလို့ သွေးအားနည်းရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ပါတယ်။ ကျန်းမာတဲ့ သွေးနီဥဆဲလ်များ ရရှိရန် အကူအညီပေးတဲ့အပြင် သွေးကြောများအတွင်း သွေးစီးဆင်းမှုကိုလည်း တိုးတက်ကောင်းမွန်စေပါတယ်။

ကြေးနီ (Copper) ဓာတ်များစွာ ပါဝင်တဲ့အတွက် အရိုးကျန်းမာရေးအတွက် အထောက်အကူပြုပါတယ်။

Polyphenols ပါဝင်တဲ့အတွက် ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါတယ်။

Polyphenols များမှာ တရုတ်ဆီးသီးအစေ့နဲ့ အခွံ (Pericarp, Skin/Peel)မှာ အဓိကပါဝင်နေပါတယ်။

Polyphenols အုပ်စုများအဖြစ် Chlorigenic Acid, Epicatechin နဲ့ Quercetin တို့ပါဝင်နေပါတယ်။

တရုတ်တိုင်းရင်းဆေးတွေမှာ တရုတ်ဆီးသီးအနှစ်ကို အားဆေးအဖြစ် စိတ်ပူပန်မှု၊ စိုးရိမ်ကြောင့်ကြမှုများ သက်သာပျောက်ကင်းစေရန် အသုံးပြုကြပါတယ်။

ဦးနှောက်မှတ်ဉာဏ်ကို ပိုကောင်းစေပြီး မှတ်ဉာဏ်ချို့ယွင်းတဲ့ရောဂါ (Alzheimer)ဖြစ်နိုင်ခြေကို လျော့နည်းစေပါတယ်။

Cortisol Hormone ကို လျော့နည်းစေခြင်းအားဖြင့် စိုးရိမ်ပူပန်မှုကို လျော့နည်းစေပြီး နှစ်ခြိုက်စွာ ကြာရှည်အိပ်စက်အနားယူနိုင်စေပါတယ်။

စိတ်ဖိစီးမှုများပြီး စိတ်ပင်ပန်းနွမ်းနယ်မှုဖြစ်ခြင်း (Stress)များကြောင့် ဆဲလ်များ ထိခိုက်ဒဏ်ရာရတာကို သက်သာစေနိုင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ(Antioxidant) ပါဝင်နေပါတယ်။

ပုံမှန်ဆဲလ်များ ဖြစ်ပေါ်ခြင်း၊ ဆဲလ်များဒဏ်ရာရရှိခြင်း၊ ဆဲလ်များသေခြင်းကို ဟန့်တားပေးနိုင်တဲ့အတွက် နာတာရှည်ရောဂါများ မဖြစ်အောင် တားဆီးပေးနိုင်ပါတယ်။

ခန္ဓာကိုယ်အင်အားဖြည့်တင်းဖို့အတွက်နဲ့ ခန္ဓာကိုယ် ခုခံနိုင်စွမ်းအား တိုးတက်စေရန်လည်း စားသုံးပေးနိုင်ပါတယ်။

သွေးဖြူဥများ လုံလောက်စွာ ဖြစ်လာစေခြင်းအားဖြင့် ကိုယ်ခံစွမ်းအားကို မြင့်တက်လာစေပါတယ်။

အသက်ရှုလမ်းကြောင်းဆိုင်ရာကျန်းမာမှု၊ လည်ချောင်းနာခြင်း၊ အအေးမိခြင်း၊ ဖျားနာခြင်းများအတွက် တရုတ်ဆီးသီးဖျော်ရည်ကို သောက်သုံးပေးခြင်းအားဖြင့် သက်သာပျောက်ကင်းစေနိုင်ပါတယ်။



**ဂျူးမြစ်**

**၁။ နှလုံးကို ကျန်းမာစေတယ်။**

ဖောလိတ်ပါဝင်နေသောကြောင့် နှလုံးသွေးကြောနံရံ ထိခိုက်ပျက်စီးမှုမရှိအောင် ကာကွယ်ပေးပါတယ်။ ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသောကြောင့် ရုတ်တရက် နှလုံးရပ်တာနဲ့ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

သွေးကြောတွေကို ဓာတ်တိုးပစ္စည်းတွေကြောင့် ထိခိုက်ပျက်စီးမှုကနေ ကာကွယ်ပေးပါတယ်။

**၂။ ကိုယ်ခံအား ကောင်းစေတယ်။**

ကိုယ်ခံအားစနစ်ကို အားဖြည့်ပေးနိုင်တဲ့ ဗီတာမင်အေ ပါဝင်နေသောကြောင့် နာကျင်ရောင်ရမ်းမှုကို သက်သာစေပြီး ခန္ဓာကိုယ်ကို ကျန်းမာစေသလို ကူးစက်ရောဂါတွေကိုလည်း တိုက်ထုတ်ပေးနိုင်ပါတယ်။

ဗီတာမင်အီး ကြွယ်ဝတာက ကိုယ်ခံအားကိုရော အသားအရေကိုပါ ကျန်းမာစေပါတယ်။

**၃။ အာရုံကြောစနစ်ကို ကျန်းမာစေတယ်။**

ဗီတာမင် B6 က အာရုံကြောကျန်းမာရေးကို အဓိကအထောက်အပံ့ပေးတဲ့ ဗီတာမင်ပါ။ ဂျူးမြစ်က အာရုံကြောကို အားဖြည့်ပေးပြီး နေ့စဉ်စိတ်ဖိစီးမှုကြောင့် ခံစားရနိုင်တဲ့ ပင်ပန်းနွမ်းနယ်တာ၊ ခြေကုန်လက်ပန်းကျတာတွေကို သက်သာစေနိုင်ပါတယ်။

ထို့အပြင် ဂျူးမြစ်မှာ အာရုံကြောကို အားဖြည့်ပေးနိုင်တဲ့ မဂ္ဂနိစ်၊ ဗီတာမင်စီ၊ ဖောလိတ်တို့လည်း ကြွယ်ဝစွာ ပါဝင်နေပါတယ်။

**၄။ အမြင်အာရုံကို ကျန်းမာစေတယ်။**

ဓာတ်တိုးပစ္စည်းတွေက အမြင်အာရုံကို တော်တော်လေး ထိခိုက်စေနိုင်ပါတယ်။ ဒီလိုထိခိုက်မှုက အချိန်ကြာလာတဲ့အခါ အမြင်အာရုံကို ထိခိုက်မှုဖြစ်စေနိုင်ပါတယ်။

ဒီပြဿနာကို အကောင်းဆုံးဖြေရှင်းဖို့က ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝတဲ့ အစားအစာတွေကို စားပေးဖို့လိုပါတယ်။ ဂျူးမြစ်စားသုံးပေးတာက ရေတိမ်ဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

**၅။ သွေးပေါင်ချိန် ထိန်းညှိပေးတယ်။**

ဂျူးမြစ်မှာ ပိုတက်စီယမ် ကြွယ်ဝစွာ ပါဝင်နေမှုက သွေးပေါင်ချိန်ကို အကောင်းဆုံးထိန်းညှိပေးနိုင်ပါတယ်။ သွေးတိုးရှိသူတွေအတွက် သင့်တော်တဲ့ အတို့အမြှုပ်လေးတစ်ခုပါ။

ပိုတက်စီယမ်က သွေးစီးဆင်းမှုကို ကောင်းစေပြီး နှလုံးကြွက်သားတွေရဲ့ ကျုံ့၊ ဆန့်နိုင်မှုကို ကောင်းမွန်စေသလို သွေးတွင်းအောက်ဆီဂျင်ပမာဏကို ကောင်းစေပါတယ်။

ခန္ဓာကိုယ်အစိတ်အပိုင်းတွေဆီကို အောက်ဆီဂျင်အကောင်းဆုံး ထောက်ပံ့ပေးနိုင်ပါတယ်။

**၆။ အစာခြေစနစ်ကို ကျန်းမာစေတယ်။**

ဂျူးမြစ်မှာ ပျော်ဝင်လွယ်တဲ့ အမျှင်ဓာတ်ရော ပျော်ဝင်မလွယ်တဲ့ အမျှင်ဓာတ်ပါ ပါဝင်နေသောကြောင့် အစာခြေစနစ်အတွက် သင့်တော်တဲ့ စားစရာတစ်ခုဖြစ်ပါတယ်။

အမျှင်ဓာတ်က အစာခြေစနစ်ကို ကျန်းမာစေသလို အူနံရံတွေကို ကျန်းမာစေပါတယ်။ အူမကြီးကို သန့်စင်စေပြီး ဝမ်းလည်းမှန်စေပါတယ်။

**၇။ ဆီးရှင်စေတယ်။**

ဂျူးမြစ်က ဆိုဒီယမ်ပါဝင်မှုနည်းပြီး ကိုယ်တွင်းက ပိုလျှံနေတဲ့ ရေဓာတ်တွေနဲ့ ဆိုဒီယမ်တွေကို ခန္ဓာကိုယ်ပြင်ပကို ဆီးအဖြစ် စွန့်ထုတ်ဖို့ လှုံ့ဆော်ပေးပါတယ်။

ကိုယ်တွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပြီး ကျောက်ကပ်တွေကို ကျန်းမာစေပါတယ်။

ဆီးများများသွားတာကြောင့် သွေးတိုးဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။ ခန္ဓာကိုယ်တွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပြီး ကျောက်ကပ်တွေကို ကျန်းမာစေပါတယ်။

ဆီးများများသွားတာကြောင့် သွေးတိုးဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။ ခန္ဓာကိုယ်မှာ ရေဝိတ်တက်တာမျိုးမဖြစ်အောင် ကာကွယ်ပေးပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား – Tik Tok**

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Start Your Business(SYB) သင်တန်းဖွင့်လှစ်



**မန္တလေး မတ် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ Start Your Business (SYB) သင်တန်းဖွင့်ပွဲကို မတ် ၂၆ ရက် မွန်းလွဲ ၃ နာရီက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစုပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က အွန်လိုင်းမှ အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်လတ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးကျော်စိုးနိုင်က သင်တန်းနည်းပြဆရာများနှင့် မိတ်ဆက်ပေး၍ သင်တန်းကို ဆက်လက်ပို့ချပေးသည်။ အသင်းဝင်လူငယ်များ စီးပွားရေးလုပ်ငန်းများအကြောင်း သိရှိနားလည်ပြီး လုပ်ငန်းရှင်များဖြစ်သည်အထိ တိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ကြောင်းသိရသည်။

**(အပေါ်ပုံ)(ဝ၄၅)**

# Book Club အဖွဲ့ဖြင့် စာဖတ်ဝိုင်း ကျင်းပ



**မြို့သစ် မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က လစဉ်စာဖတ်ဝိုင်းဆွေးနွေးပွဲများ ကျင်းပပေးရခြင်း ရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူအသင်း(Book Club)အဖွဲ့ဝင်များက သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ပါ ဆောင်းပါးရှင် ကိုမောင်မြင့်(Love of Wisdom) ၏ "လူငယ်တို့သဘာဝ"ဆောင်းပါးပါ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝင်းအိစွန် (ပြန်/ဆက်)**




# ဂျုံဖြင့် ပုံတူအရုပ် ပြုလုပ်နည်း အခမဲ့သင်ကြားပေးမည်

**မန္တလေး မတ် ၃၀**

မန္တလေး၊ ဦးပိန်တံတားအနီးတွင် ဂျုံဖြင့် ပုံတူအရုပ်များ ပြုလုပ်ရောင်းချနေသူ ကိုအောင်ကျော်ထွန်း(ဘာလာလာ)က ဂျုံအရုပ်ပြုလုပ်ခြင်းကို စိတ်ဝင်စားသူများနှင့် ပညာရပ်တစ်ခုအဖြစ် သင်ယူလိုသူများအား အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်ကြားမှုတွင် ဂျုံကို အသုံးပြု၍ ပုံတူအရုပ်များကို လက်ဖြင့် ဖန်တီးပြုလုပ်နည်းများ၊ ပုံစံအမျိုးမျိုး ပြောင်းလဲဖန်တီးနည်းများကို အခြေခံမှစတင်၍ လက်တွေ့လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ပြည်ပနိုင်ငံများမှ တင်သွင်းလာသော အရုပ်များကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ပုံတူအရုပ်များကို ပြည်တွင်းထုတ်ဂျုံများဖြင့် ပြုလုပ်နိုင်ပြီး မိမိစိတ်ကူးအတိုင်း ပုံစံအမျိုးမျိုး ဖန်တီးနိုင်သည်။

လက်ရှိတွင် ဂျုံဖြင့် ပြုလုပ်ထားသော အရုပ်များကို လူအများ စိတ်ဝင်စားဝယ်ယူနေကြပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ်ထောင်ဂဏန်းမှ သောင်းဂဏန်းဝန်းကျင်အထိသာ ရှိနေသည်။

ထို့အပြင် ဂျုံအရုပ်ပြုလုပ်ခြင်းသည် ဝါသနာတစ်ခုအဖြစ်သာမက စီးပွားရေးအဖြစ်ပါ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတစ်ခုဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေနိုင်သည်။

အခမဲ့သင်ကြားပေးမည့် အစီအစဉ်ကြောင့် လူငယ်များနှင့် ဝါသနာရှင်များအတွက် လက်တွေ့ပညာရပ်တစ်ခုကို လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်-ရ)**

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန်

သစ်ပင်ရုံမှ၊ သဏ္ဌာန်လှပ၊ ပန်းရလိမ့်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သတိရနေ မန်းသင်္ကြန်လေ

---

* မြန်မာပြည် နှစ်သစ်ကူး
လ၊ တန်ခူး ဂိမှာန်၊ နွေ။
မြန်မာ့ရိုးရာ သင်္ကြန်ပွဲ
ဆင်နွှဲကြလေ။

* နှစ်ဟောင်းက အညစ်အကြေးတွေ
သန့်စင်စေ ရေလောင်းထား။
နှစ်သစ်ကို ကြိုဆိုကြလို့
အေးမြစေသား။

* ရွှေမန်းမြေ ကျုံးနံဘေးကား
ရေကစား တို့တစ်တွေကွယ်။
နှစ်ကူးပွဲတော် ပျော်ရွှင်မြူး
ကြည်နူးမိတယ်။
မြို့မငြိမ်း တေးသီချင်းရယ်
သာယာဖွယ် သီဆိုထား။
မန်းတောင်ရိပ်ခို သံစဉ်တေးတို့
ဟစ်ကြွေးပျော်ပါး။

* သင်္ကြန်ရောက်ချိန် မန်းမြေကား
လွမ်းမိသား ကဗျာဆရာ။
မွေးရပ်မြေ တောရွာက
မှန်းဆလျက်သာ။
နှစ်သစ်ကူး အချိန်အခါ
ပြည်မြန်မာ မန္တလေး။
အတာသင်္ကြန် အောက်မေ့မိလို့
(အိုကွယ်)
သတိရသေး ။ ။

**ဇေကျမ်းရွာကျောင်းအိုသား**



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၅ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၃၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၂၇ ဦး၊ ကင်ညာနိုင်ငံသား တစ်ဦးနှင့် ရဝမ်ဒါနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၆၅ ဦး တို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၃၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၁ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအဖြစ် အားကစားကွင်းအတွင်း ပတ်လမ်းနှင့် အပြင်ပတ်လမ်း အုတ်စီရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၉ နာရီက မင်းဘူးမြို့ အမှတ်(၄) ရပ်ကွက်ရှိ အဆိုပါ အားကစားကွင်း၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မင်းဘူးခရိုင်အားကစားကွင်းအတွင်း၌ အုတ်စီရေမြောင်းဆောင်ရွက်ရန် မြေတူးခြင်း၊ သဲဖြည့်ခြင်း၊ ကွန်ကရစ်လောင်းခြင်းနှင့် အုတ်စီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး အုတ်စီရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်းများ အားလုံး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားခဲ့သည်။ **(အောက်ပုံ)**

မင်းဘူးခရိုင်အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော် တာဝန်ရှိသူများ၏ လမ်းညွှန်မှုဖြင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အားကစားကွင်း အတွင်းပတ်လမ်း (အရှည် ၁၃၀၂ ပေ၊ အကျယ် ၁ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၆ လက်မ) အုတ်စီရေမြောင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၀၅ ဒသမ ၀၁ သန်းဖြင့် လည်းကောင်း၊ အားကစားကွင်း အပြင်ပတ်လမ်း (အရှည်ပေ ၁၈၀၀၊ အကျယ် ၁ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၆ လက်မ) အုတ်စီရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၀၁ ဒသမ ၆၂ သန်းဖြင့် လည်းကောင်း စုစုပေါင်းလုပ်ငန်းနှစ်ရပ်ကို ငွေကျပ် ၂၀၆ ဒသမ ၆၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။



ဆက်လက်၍ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ U-18 အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မင်းဘူးခရိုင် ကိုယ်စားပြုအသင်းအနေဖြင့် အဆိုပါ အားကစားကွင်းအတွင်း၌ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြပြီး အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၂၁ ဦးအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ပြိုင်ပွဲအောင်နိုင်ရေးအတွက် အားပေးစကားများ ပြောကြားကာ အားကစားသမားအတွက် အားဖြည့်အစားအစာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသောငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူဆောင်ရွက်ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၃၀

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသောငွေကြေး အကျိုးအမြတ် ခေါင်းပုံဖြတ်ရယူဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မကျီးပင်စောက်ကျေးရွာနေ အမျိုးသမီးတစ်ဦးသည် ခင်ပွန်းဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး အလုပ်လုပ်ကိုင်ရန် လေယာဉ်ဖြင့် ကျိုင်းတုံမြို့သို့ ရောက်ရှိနေစဉ် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ယန်းခမ်းကားကြီးဝင်းနေ မအိမ့်မူအောင်(ခ)မသဲသဲက မိုင်းပေါက်မြို့ရှိ ပွဲစားဒေါ်အိနှင့်ချိတ်ဆက်ပေးမည်၊ တရုတ်အငှားမယား လုပ်မည်ဆိုပါက မိုင်းပေါက်မြို့သို့ သွားရောက်ရမည်၊ တင်တောင်းငွေ ယွမ် ၁၅၀၀၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့သဖြင့် သဘောတူပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် မအိမ့်မူအောင်(ခ)မသဲသဲက ကျိုင်းတုံမှ မိုင်းပေါက်မြို့သို့ ပို့ဆောင်ခဲ့ရာ ပွဲစားဒေါ်အိထံသို့ ရောက်ရှိခဲ့ကြောင်း။

ဒေါ်အိက တရုတ်ပွဲစားများထံ ၎င်း၏ ဓာတ်ပုံများ ပို့ပေးခဲ့ရာမှ လာရောက်ကြည့်ရှုကြပြီး တရုတ်ပွဲစားများက ဒေါ်အိအား တရုတ်ငွေများပေးနေသည်ကို တွေ့ရှိရကြောင်း၊ မည်မျှပေးသည်ကို မသိရှိကြောင်း၊ တရုတ်ပြည်ရှိ တရုတ်အမျိုးသားနှင့် လက်ထပ်ပြီးပါက တင်တောင်းငွေ တရုတ်ယွမ် ၁၅၀၀၀ ရရှိမည်ဟု ဒေါ်အိနှင့် မအိမ့်မူအောင်(ခ)မသဲသဲတို့က ပြောဆိုခဲ့ကြကြောင်း။

ယင်းနောက် တရုတ်ပွဲစားများနှင့်အတူ တောလမ်းများမှသွားရောက်ခဲ့ရာ တရုတ်ပြည်ရှိ အမည်မသိရွာတစ်ရွာသို့ရောက်ရှိခဲ့ပြီး ထိုရွာရှိ တရုတ်နိုင်ငံသား "ဝ"အမျိုးသား အဲကား ဆိုသူနှင့် လက်ထပ်ခဲ့ရကြောင်း၊ တင်တောင်းငွေမရသဖြင့် သားမယားအဖြစ်နေထိုင်ရန်ပြောဆိုမှုကို ငြင်းဆန်ခဲ့ရာ ပွဲစားများထံမှ ဝယ်ယူပြီးဖြစ်၍ ကလေးမွေးပြီးမှသာ ပြန်ခိုင်းမည်ဖြစ်ကြောင်း ပြောဆို၍ သားမယားအဖြစ်နေထိုင်ခဲ့ကြောင်း၊ သားမယားအဖြစ်နေထိုင်ရန် ငြင်းဆန်သည့်နေ့များတွင် အခန်းတွင်းတံခါးပိတ်ပြီး ခြေဖြင့်ကန်ခြင်း၊ ကြိုးဖြင့်ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် အဲကား တောင်ယာသို့သွားစဉ် နေအိမ်မှ ထွက်ပြေးပြီး လျန်စန်းရဲစခန်းသို့ ရောက်ရှိကာ တရားမဝင် ဝင်ရောက်မှုအတွက် ထောင်ဒဏ် နှစ်လနှင့် နှစ်ရက် ချမှတ်ခံခဲ့ရပြီး မြန်မာနိုင်ငံနယ်စပ်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ကျိုင်းတုံမြို့မရဲစခန်း(ပ)၁၆၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မတ် ၂၆ ရက်တွင် ကျိုင်းတုံခရိုင်တရားရုံးမှ မအိမ့်မူအောင်(ခ)မသဲသဲအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်အိကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ကျင့် ၅၁၂ အရ ကျင့် ၈၇/၈၈ ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သတိပြုဖွယ် တည်ငြိမ်လျှပ်စစ်အန္တရာယ်

မောင်မောင်စွယ်စုံထွန်း

တစ်ခုခုနှင့် ထိတွေ့လိုက်သည့်အခါ ဓာတ်လိုက်သလိုမျိုးဖြစ်စဉ်ကို လူတိုင်းနီးပါး ခံစားဖူးကြပါလိမ့်မည်။ အဆိုပါ ခံစားရခြင်းမျိုးသည် ရူပဗေဒသဘောတရားအရ ဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုသာ ဖြစ်ပါသည်။ အဆိုပါ ဖြစ်စဉ်သည် အင်္ဂလိပ်လို Static Electricity ဟုခေါ်သည့် လျှပ်စစ်ဓာတ် အပေါင်း အနုတ်များ မမျှတခြင်းကြောင့် ဖြစ်ပေါ်လာတတ်သည့် တည်ငြိမ်လျှပ်စစ်ပင် ဖြစ်ပါသည်။

ခန္ဓာကိုယ်သည် အရာဝတ္ထုတစ်ခုခုနှင့် ပွတ်တိုက်သည့်အခါမျိုး (ဥပမာ- ကော်ဇောပေါ် ခြေကို ရှပ်တိုက် ပွတ်ပြီးလျှောက်သည့်အခါမျိုး)တွင် ကော်ဇော၌ရှိသည့် အနုတ်ဓာတ် (Electron) များသည် လူ့ခန္ဓာကိုယ်ကို ရောက်ရှိလာပါသည်။ အနုတ်ဓာတ်များနေသည့် ခန္ဓာကိုယ်သည် လျှပ်ကူးနိုင်သည့် ပစ္စည်းတစ်ခုခု (ဥပမာ-တံခါးလက်ကိုင်) နှင့် ထိတွေ့သည့်အခါ အနုတ်ဓာတ်များမှ လျှပ်စီးအသွင်ဖြင့် တံခါးလက်ကိုင်ကို စီးဆင်းသွားပါသည်။ ထိုသို့ဖြစ်သည့်အချိန်၌ လူသည် ဓာတ်လိုက်သလိုမျိုးခံစားရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်ကို အနုတ်ဓာတ်ဝင်ရောက်စေမည့် ပစ္စည်း၊ အပြုအမူ တစ်နည်းအားဖြင့် Static Electricity ဖြစ်စေမည့် အကြောင်းအရာများကို ရှောင်ကြဉ်သင့်ပါသည်။ Static Electricity ဖြစ်စေသည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အရာဝတ္ထုနှစ်ခု ပွတ်တိုက်ခြင်း( ဥပမာ -ကော်ဇောပေါ် ခြေကို ရှပ်တိုက်ပွတ်တိုက်ပြီး လျှောက်ခြင်း၊ ကြပ်သော အဝတ်အစားများ ဝတ်သောကြောင့် ကိုယ်နှင့်အဝတ်ပွတ်တိုက်ခြင်း၊ ကားမောင်းစဉ်တင်ပါးနှင့် ကားခုံပွတ်တိုက်ခြင်း)

(၂) ခန္ဓာကိုယ်တွင်း ရေဓာတ်နည်းခြင်း။

(၃) ဓာတုနည်းဖြင့် ပြုလုပ်သော အမျှင်များဖြင့် ရက်လုပ်သော အထည်များ(ပိုလီအက်စတာ Polyester ,နိုင်လွန် Nylon , Acrylic) (ဥပမာ-ကော်ဇော) ထိတွေ့ဝတ်ဆင်ခြင်း။

(၄) စိုထိုင်းဆနည်းသော ခြောက်သွေ့သော ရာသီဥတုတွင် နေထိုင်ခြင်း။

(၅) အစိုဓာတ်လုံးဝမရှိအောင် အခြောက်ခံစက်များဖြင့် အခြောက်ခံထားသော အဝတ်အထည်များ ဝတ်ဆင်ခြင်းစသည့်အချက်များကြောင့် Static Electricity ကို ဖြစ်ပေါ်စေနိုင်ပါသည်။

အဆိုပါ တည်ငြိမ်လျှပ်စစ်မျိုးမဖြစ်ပေါ်စေရန် အောက်ပါအတိုင်းကာကွယ်နိုင်ပါသည်-

(၁) မိမိခန္ဓာကိုယ်နှင့် အရာဝတ္ထုများ ပွတ်တိုက်ခြင်းမရှိအောင် ဂရုစိုက်ပါ။ ကြမ်းခင်းပေါ် လမ်းလျှောက်လျှင် ခြေအိတ်၊ ဖိနပ်မဝတ်ဘဲ လမ်းလျှောက်ပါ။

(၂) သဘာဝချည်မျှင်နှင့် ရက်လုပ်ထားသော အဝတ်အထည်များ (Cotton )ဝတ်ဆင်ပါ။ သဘာဝချည်မျှင်နှင့် ရက်လုပ်ထားသော ကော်ဇောများအသုံးပြုပါ။ ကိုယ်ကြပ်အင်္ကျီများသည် ပွတ်တိုက်မှုကို ပိုမိုဖြစ်စေနိုင်သောကြောင့် ခပ်ပွပွ အဝတ်များကိုသာ ဝတ်ဆင်ပါ။

(၃) အရေပြားတွင် အစိုဓာတ်ရှိအောင် ရေများများသောက်ပါ။ အစိုဓာတ် (Moisturizer) ပါသော Lotion များ လိမ်းပေးပါ။

(၄) Anti-static Spray (ဖျန်းဆေး)များ၊ Fabric Softener(အဝတ်အထည်ကို ပျော့ပြောင်းစေသောဆေး)များ အသုံးပြုနိုင်ပါသည်။ Spray, Softener များမရှိပါက Vinegar (ရှာလကာရည်) or Baking Soda(မုန့်ဖုတ်ဆိုဒါ)ကို အဝတ်ညှစ်ချိန် သို့မဟုတ် အခြောက်မခံခင် အနည်းငယ်ထည့်ပေးပါ။

(၅) အခြားအရာများနှင့်မထိတွေ့ခင် Grounded Metal (မြေကြီးနှင့်ထိထားသောသတ္တု)နှင့် ပြုလုပ်ထားသော ပစ္စည်းတစ်ခုခုနှင့် အရင်ထိပါ။

(၆) Leather အောက်ခံဖြင့် ပြုလုပ်သော ဖိနပ်မျိုးစီးပါ။

(၇) ပတ်ဝန်းကျင် စိုထိုင်းဆများအောင် ရေငွေ့ပေးစက် (Humidifier)အသုံးပြုပေးပါ။

(၈) Anti-Static Wristband (လက်ကောက်)များ ဝတ်ဆင်ခြင်းနှင့် Anti-Static Hand Lotion များ လိမ်းခြင်းစသည်တို့ဖြင့် တည်ငြိမ်လျှပ်စစ်မဖြစ်ပေါ်စေရန် ကာကွယ်နိုင်ပါသည်။

လူတစ်ယောက်ကို တစ်ခါတစ်ရံလက်ဖြင့် လှမ်းထိလိုက်သည့်အခါမျိုး၊ လှမ်းပုတ်လိုက်သည့် အခါမျိုးတွင် ကျဉ်ခနဲဖြစ်သွား၍ လက်ရုပ်လိုက်ရတတ်သည်။ နောက်တစ်ခါ ထပ်ထိကြည့်လျှင် ဘာမှမဖြစ်တော့ပါ။ လူများတွင်မှမဟုတ်ပါ။ တစ်ခါတစ်လေ လျှပ်စစ်စီးဆင်းစရာမရှိသည့် စောင်များ၊ စာအုပ်များ စသည်တို့နှင့်ထိလျှင်လည်း ဖြစ်တတ်ပါသည်။

မည်သည့်အတွက်ကြောင့်ဖြစ်ရသည်ကို လေ့လာကြည့်မည်ဆိုပါက ပစ္စည်းတိုင်း၏ အသေးဆုံး Unit ကို Atom ဟုခေါ်သည်ကို အားလုံးသိရှိကြပြီး ဖြစ်ပါသည်။ Atom များထဲ၌ Electron, Neutron, Proton စသည်များပါရှိကြောင်း ၉ တန်း၊ ၁၀ တန်းအဆင့်များကပင် သင်ကြားခဲ့ကြရသည်လည်း ဖြစ်ပါသည်။ ပွတ်တိုက်မှုများဖြစ်လျှင် Electron များထွက်လာပြီး Positive ရှိသည့် မျက်နှာပြင်နှင့်တွေ့လျှင် Electron များက ပြေးကပ်သွားသည့်အတွက် ဓာတ်လိုက်သလို ခံစားရခြင်းသာ ဖြစ်ပါသည်။ အဆိုပါ ကိစ္စကို ကိုယ်တိုင်စမ်းသပ်ကြည့်လိုပါက ပေတံတစ်ချောင်းကို ဆံပင်နှင့်ပွတ်ကြည့်ပါ။ ခဏနေလျှင် ပေတံကို ဆံပင်နှင့် ခပ်ခွာခွာထားသည့်အခါ ဆံပင်များက ပေတံဆီကို လှမ်း၍ကပ်နေသည်ကို တွေ့ရပါလိမ့်မည်။ Balloon (လေဘောလုံးတစ်လုံး)ကို လေမှုတ်ပြီး အဝတ်နှင့်ပွတ်လိုက်ပါ။ Static Energy ထွက်လာသည့်အတွက် အဆိုပါ Balloon ကို နံရံနားတွင်ထားသည့်အခါ နံရံနှင့် ကပ်နေသည်ကိုလည်း မြင်တွေ့ဖူးကြပါလိမ့်မည်။

ထို့ကြောင့် လူအချင်းချင်းထိမိလို့ ကျဉ်သွားသည်ဆိုသည်မှာ စိုးရိမ်ရန်မလိုသေးပါ။အန္တရာယ်လည်းမရှိသေးပါ။ Static Energy ကြောင့်သာ ဖြစ်ပါသည်။ ကိုဗစ်ကာလကဆေးရုံများတွင် Covid ကာကွယ်ရေးအတွက် PPE များ ဝတ်ဆင်ကြလေ့ရှိပါသည်။ အဆိုပါ PPE များသည် Polyester Fabrics နှင့် ရေမတင်အောင် ပိုးများ မကပ်အောင် လုပ်ထားသည့် ပြောင်ပြောင်အသားများဖြစ်ရာ လှုပ်ရှားမှုလုပ်တိုင်း အဝတ်အချင်းချင်းပွတ်ပြီး Static Energy ထွက်နေပါသည်။ ထို့ကြောင့် အချင်းချင်းကိစ္စရှိလို့ တို့ထိလိုက်မိသည့်အခါ ဓာတ်လိုက်သလို ကျဉ်ကျဉ်သွားခြင်းမျိုးဖြစ်ကြခြင်းဖြစ်ပါသည်။ ဓာတ်လိုက်စရာမရှိဘဲ သတ္တုပြားများ၊ စက်လှေကားလက်ကိုင်တန်းများ၊ သတ္တုတန်းများ၊ မော်တော်ယာဉ် ကိုယ်ထည်များ၊ ရေကူးကန်လက်ကိုင်တန်းများ၊ လက်ကိုင်ဘုများကို ကိုင်တွယ်ရာမှ ဓာတ်လိုက်သလို ကျဉ်သွားခြင်းမျိုးလည်း ရှိတတ်ပါသည်။

အဆိုပါ Static Shock သည် စိတ်အနှောင့်အယှက်ဖြစ်စရာကိစ္စတစ်ခု ဖြစ်ပါသည်။ အကြမ်းဖျင်းအားဖြင့် ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည့် ပြဿနာမျိုး မဟုတ်ပါ။

လျှပ်စစ်လိုင်းများ ခုန်ကူးမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝအလျောက် ဓာတ်လိုက်မှု အသေးစားတစ်မျိုးသာ ဖြစ်ပါသည်။ သို့သော် ဘာမှမဖြစ်နိုင်ဟုဆိုပြီး ပေါ့လျော့နေ၍ လုံးဝမရသောအန္တရာယ် အလွန်ကြီးလာနိုင်သော ကိစ္စတစ်မျိုးတော့ဖြစ်သည်။ တစ်ခါတစ်ရံပြင်းထန်သည့်အခါမျိုးတွင် ထိခိုက်ဒဏ်ရာရခြင်းမျိုး ဖြစ်နိုင်ခြေအနည်းငယ်ရှိသည့်အတွက် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လျှပ်စစ် (Electricity)တွင် တည်ငြိမ်လျှပ်စစ် (Static Electricity) နှင့် ရွေ့လျားလျှပ်စစ် (Current Electricity or Dynamic Electricity) ဟူ၍ ပုံစံနှစ်မျိုးရှိရာ၌ Static Electricity သည် တစ်နေရာထဲ၌ တည်ငြိမ်ပြီး ပွားများစေတတ်သည့် သဘောဆောင်သည့် လျှပ်စစ်ဓာတ်တစ်မျိုးသာ ဖြစ်ပါသည်။ တစ်နေရာတည်း၌ တည်ငြိမ်စွာ စုစည်းနေပြီး ရုတ်တရက်ပေါ်ထွက်လာတတ်သည့်အတွက် အမှုမဲ့၊ အမှတ်မဲ့နှင့် အန္တရာယ်ရှိတတ်သည့် လျှပ်စစ်ဓာတ်မျိုး ဖြစ်ပါသည်။ Static Shocks ကို ဖြစ်စေသည့်အရာလည်း ဖြစ်ပါသည်။

လေ့လာချက်များအရဆိုလျှင် Static Shock သည် နေရောင်နှင့်လည်း တိုက်ရိုက်သက်ဆိုင်တတ်သဖြင့် ညနေခင်းများနှင့် ညဘက်များဆိုလျှင် သိပ်မဖြစ်ပေါ်တတ်ပါဟု ဆိုနိုင်ပါသည်။ အဆိုပါ အချိန်များတွင် လူများ၌ နေ၏ စွမ်းအင်နည်းပါးနေတတ်ခြင်းကြောင့်လည်း ဖြစ်ပါသည်။

အဝတ်အထည်၊ ပတ်ဝန်းကျင်နှင့် ရာသီဥတု အခြေအနေများအပေါ် မူတည်၍လည်း ဖြစ်နိုင်ခြေရှိပါသည်။ အချို့သော Static Shock များသည် အန္တရာယ်မများပါဟုဆိုသော်လည်း ခဏခဏဖြစ်နေမည်ဆိုလျှင် မကောင်းသည့် အကျိုးဆက်အချို့ရှိလာနိုင်ပါသည်။

တစ်ခါတစ်ရံ ပြင်းထန်တတ်ပြီး အလွန်အမင်းနာကျင်ခြင်း၊ သတိလစ်ခြင်း၊ ဦးနှောက်ထိခိုက်ခြင်း၊ စိတ်ဖိစီးခြင်း၊ ပူပင်စိတ်များခြင်း၊ စရိုက်လက္ခဏာပြောင်းသည့် စိတ်ဝေဒနာစွဲကပ်ခြင်း၊ အသက်ရှူကြပ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ပုံမှန်မဟုတ်သည့် နာကျင်မှုဝေဒနာခံစားရခြင်းနှင့် Arachnoiditis ဆိုသည့် ခန္ဓာကိုယ်အပြင်းအထန်နာကျင်သည့် ရောဂါများ စွဲကပ်ခြင်းများသည် ဖြစ်လာနိုင်ခြေရှိပါသည်။

ကြောက်မက်ဖွယ် အကောင်းဆုံးအန္တရာယ်မှာ မော်တော်ယာဉ်အသုံးပြုသူများအနေဖြင့် တစ်ခါတစ်ရံ Static Shock မှတစ်ဆင့် Electric Discharge ဖြစ်ပြီး မီးလောင်ခြင်းမျိုးအထိ ဖြစ်နိုင်ခြင်းမျိုး ဖြစ်ပါသည်

Static Shock သည် အလွန်အမင်း အန္တရာယ်များသည့် ပြဿနာတစ်ခု မဟုတ်သော်လည်း သတိမမူမိလျှင် ဘေးထွက်ဆိုးကျိုးအနေဖြင့် မတော်တဆဖြစ်မှုမျိုး ကြုံရနိုင်သဖြင့် အထူးသတိပြုသင့်သည့် ကိစ္စရပ်တစ်ခုလည်း ဖြစ်ပါသည်။

ဖြစ်တတ်သည်မှာအနီးအနား၌ မီးလောင်လွယ်သည့် ပစ္စည်းများ ရှိနေခဲ့လျှင် ခန္ဓာကိုယ်က လျှပ်စစ်ဓာတ်မှတစ်ဆင့် မီးလောင်နိုင်ပါသည်။

ယနေ့လို လောင်စာဆီအခက်အခဲရှိနေချိန်မျိုးတွင်လူအချို့သည် ဓာတ်ဆီ၊ ဒီဇယ်ဆီများကို သိုလှောင်ကိုင်တွယ်မှုများ ပြုလုပ်လာကြရာ၌ ကိုင်တွယ်မှုမတတ်ပါက မီးလောင်မှုနှင့် တိုက်ရိုက်ရင်ဆိုင်ရနိုင်သည့် အန္တရာယ်ရှိနေပါသည်။ အထူးသဖြင့် ပူပြင်းသည့် နွေရာသီတွင် ဓာတ်ဆီကို တစ်ပုံးမှတစ်ပုံးသို့ ပြောင်းလဲရာ၌ အထူးသတိပြုရမည့် အဓိကတရားခံမှာ Static Electricity (တည်ငြိမ်လျှပ်စစ်)ပင် ဖြစ်သည်။

တည်ငြိမ်လျှပ်စစ်ဆိုသည်မှာ အရာဝတ္ထုနှစ်ခု ပွတ်တိုက်မိရာမှ ထွက်ပေါ်လာသည့် လျှပ်စစ်ဓာတ်မျိုးဖြစ်ရာ ဓာတ်ဆီငွေ့နှင့် တစ်ခုခုပွတ်တိုက်မိခြင်း (သို့မဟုတ်) ခန္ဓာကိုယ်ရှိ အဝတ်အစား စသည်တို့၌ ဖြစ်တည်လာသော တည်ငြိမ်လျှပ်စစ်ဓာတ်မှ မီးပွား (Spark) အသေးစားလေးတစ်ခု ထွက်ပေါ်လာခြင်းမျိုး ဖြစ်ရုံဖြင့် မီးအကြီးအကျယ် လောင်ကျွမ်းသွားစေနိုင်ပါသည်။ ထို့ကြောင့် စက်သုံးဆီသိုလှောင်သူများ၊ စက်သုံးဆီလှယ်သူများအတွက် မဖြစ်မနေလိုက်နာရမည့်အချက်များကို မပျက်မကွက်လိုက်နာသွားကြရန် အထူးပင် လိုအပ်လှပါသည်။ ဓာတ်ဆီကို တစ်ပုံးမှ တစ်ပုံးသို့ ပြောင်းလဲခြင်း (သို့မဟုတ်) ဆီဖြည့်ခြင်းများ ပြုလုပ်ရာတွင် ဘေးကင်းစေရန်အတွက် အောက်ပါ အချက်များကို တိကျစွာ လိုက်နာသင့်သည်-

(၁) ရေစိုမြေကြီးပေါ်တွင်သာ လုပ်ဆောင်ပါ။ ဆီကိုင်တွယ်မည့် ပတ်ဝန်းကျင်ရှိ မြေပြင်ကို ရေစိုနေပါစေ။ ဖြစ်ပေါ်လာသမျှ လျှပ်စစ်ဓာတ်များကို မြေကြီးထဲသို့ (Earthing) ပြန်ပို့နိုင်ရန် ဖြစ်ပါသည်။

(၂) သစ်သားကြမ်းခင်းကို ရှောင်ပါ။ သစ်သား သို့မဟုတ် ကော်ဇောပေါ်တွင် ဆီလှယ်ခြင်း လုံးဝမပြုလုပ်ပါနှင့်။ ၎င်းတို့သည် လျှပ်စစ်စီးဆင်းမှုကို တားဆီးထားသဖြင့် အန္တရာယ်ကို မြင့်တက်စေပါသည်။

(၃) ဖိနပ်မစီးပါနှင့်၊ ဆီပြောင်းမည့်သူသည် ဖိနပ်မစီးဘဲ ရေစိုမြေကြီးပေါ်တွင် တိုက်ရိုက်ရပ်ထားသင့်ပါ သည်။ သို့မှသာ ခန္ဓာကိုယ်တွင်းရှိ Static Charge များ မြေကြီးထဲစီးဆင်းသွားမည်ဖြစ်သည်။

(၄) ဆီပိုက်ကို မြေကြီးနှင့် အရင်ထိတွေ့ပါ။ ဆီပြောင်းရာတွင် အသုံးပြုမည့် ပိုက် သို့မဟုတ် ကိရိယာများကို မြေပြင်နှင့် အရင်ထိတွေ့ပြီးမှ အသုံးပြုပါ။

ပူပြင်းခြောက်သွေ့သော နွေကာလများတွင် ဓာတ်ဆီလဲလှယ်ရင်း မီးလောင်ရခြင်း၏ အရင်းခံမှာ အဓိကအားဖြင့် တည်ငြိမ်လျှပ်စစ်ကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ကာကွယ်မှုအနေဖြင့် အောက်ပါအတိုင်း မပျက်မကွက်လုပ်ဆောင်ကြရန် အထူးလိုအပ်ပါသည်။

(၁) ဆီပန့်ဆိုင်များ၌ ဆီဖြည့်ဂေါက်များတွင် သံစပရင်ဝါယာ (Grounding Wire)များ ထည့်သွင်းထားရမည်။

(၂)ကားတာယာများ၌ တာယာထုတ်လုပ်ရာတွင် လျှပ်စစ်စီးဆင်းနိုင်သည့် ကာဗွန် (Carbon Black)ကို ထည့်သွင်း၍ လမ်းနှင့်ပွတ်တိုက်ရာမှ ရရှိသောလျှပ်စစ်ကို မြေကြီးထဲသို့ စွန့်ထုတ်စေရမည်။

ဤနေရာတွင် အထူးသတိပေးချက်အနေဖြင့် ထပ်မံ၍ သတိပေးလိုသည်မှာ ဓာတ်ဆီသည် နွေရာသီအပူချိန်တွင် အလွန်လျင်မြန်စွာ အငွေ့ပျံပါသည်။ အထူးသတိပြုရမည်မှာ ဆီလှယ်နေစဉ်အတွင်း ဖုန်းအသုံးပြုခြင်း၊ နိုင်လွန်အဝတ်အစားများ ဝတ်ဆင်ခြင်းတို့သည် တည်ငြိမ်လျှပ်စစ်ကို Static Shock အမြန်ဆုံးဖြစ်ပွားစေနိုင်သဖြင့် အထူးရှောင်ကြဉ်ကြရမည့် ကိစ္စများဖြစ်ပါသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော တည်ငြိမ်လျှပ်စစ်ကြောင့် မီးလောင်မှုဖြစ်စဉ်တစ်ခုကိုလည်း ဖော်ပြပေးလိုပါသည်။ ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ်၊ မတ် ၁၃ ရက် ညနေ ၄ နာရီခွဲခန့်၌ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ သုံးမိုင်ခန့်အကွာရှိ ရပ်ကွက်ကြီး (၁၉) ငါးရံ့ချောင်းရွှေပြည်သာယာဘုန်းကြီးကျောင်းလမ်းဘေးတွင် ရပ်ထားသော ပိုင်ရှင် ဒေါ်....(၃၅) နှစ်၏ TOYOTA ALPHARD (အနက်ရောင်) ယာဉ်ဆီတိုင်ကီအတွင်းရှိ 95 ဓာတ်ဆီကို ယာဉ်မောင်းဖြစ်သူသည် ကားမှတစ်ဆင့် ထုတ်ယူကာ ပလတ်စတစ်ပုံးအတွင်းသို့ ထည့်နေစဉ် တည်ငြိမ်လျှပ်စစ်သဘောမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ခရိုင်မီးသတ်စခန်းမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ စုစုပေါင်း တပ်ဖွဲ့ဝင် ၁၂ ဦး၊ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ထွက်ခွာငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်းနှင့် မီးပေါ့ဆသူအား ပြင်ဦးလွင်မြို့မရဲစခန်းမှ (ပ) ၄၇/၂၀၂၆၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၂၈၅ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းစာများ၌ ဖော်ပြခဲ့သည့် ဖြစ်စဉ်သည် တည်ငြိမ်လျှပ်စစ်အား ပြည်သူများ အထူးသတိပြုကြရန် လိုအပ်နေပြီဖြစ်ပါ၍ ယခုဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လောင်စာဆီများကို မဖြစ်မနေချွေတာရမည်။ သိုလှောင်ကြရမည်ဆိုပါက မီးဘေးအန္တရာယ်မရှိစေရန်အတွက် လိုက်နာရမည့် အချက်အလက်များကို သိရှိနားလည်ထားရန်နှင့် လိုက်နာကြရန် အထူးလိုအပ်ပါသည်။ နည်းစနစ်မှန်ကန်သော ကိုင်တွယ်မှုတစ်ခုသည် သင့်မိသားစုနှင့် ပတ်ဝန်းကျင်ကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်မည်ဖြစ်ပါသည်။ ဥပဒေကြောင်းအရကြည့်ပါကလည်း လောင်စာဆီများကို တရားမဝင်သိုလှောင်သိမ်းဆည်းထားခြင်းသည် ပြစ်မှုမြောက်သဖြင့် အထူးသတိပြုဆင်ခြင်ကြစေလိုပါသည်။ အထူးသဖြင့် အထက်ဖော်ပြပါ မကြာသေးမီကဖြစ်ပွားခဲ့သည့် ကားထဲမှ လောင်စာဆီကို ပလတ်စတစ်ပုံးအတွင်းသို့ လှယ်ထုတ်ရာမှ ကားမီးလောင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်မှဖြစ်စဉ်သည် တည်ငြိမ်လျှပ်စစ်သဘောကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းမျိုးဖြစ်ပါ၍ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားနိုင်စေရန် တည်ငြိမ်လျှပ်စစ်နှင့်စပ်လျဉ်း၍ ရှောင်ကြဉ်ရမည့် အချက်များကို အထူးသတိပြုလိုက်နာပေးနိုင်ကြပါရန် သတိပေးရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော သရုပ်ပြဆောင်ရွက်

**ပုသိမ်ကြီး မတ် ၃၀**

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်း လန်း စိုပြည်ရေးဦးစီးဌာန (ရုံး ချုပ်) တည်ရှိရာ မန္တလေးတိုင်း ဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီး အရာရှိ ဦးမင်းသန့် ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါ ရုံးချုပ်ရှိ စန္ဒကူးခန်းမ၌ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင် ရွက်ခဲ့ကြသည်။

ရှေးဦးစွာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော် ဇေယျက အဖွင့်အမှာစကားပြော ကြားပြီး မြို့နယ်မီးသတ်ဦးစီး အရာရှိက မီးဘေးကြိုတင်ကာ ကွယ်ရေး အသိပညာပေးဟော ပြောရာတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများတွင် မီးဘေး အန္တရာယ် ကာကွယ်ရေးပစ္စည်း များဖြစ်သည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ် အသုံးပြုပုံ၊ ရေ သိုလှောင်ကန်အကြောင်း၊ မီး လောင်မှုဖြစ်စဉ်များ၊ မီးအတန်း အစားများ၊ လျှပ်စစ်မီးအန္တရာယ် နှင့် မီးငြိမ်းသတ်ရေးနည်းလမ်း များကို ရှင်းလင်းဟောပြောခဲ့ သည်။ ဆက်လက်၍ ရုံးဝန်ထမ်း များအား လက်တွေ့မီးငြိမ်းသတ်မှု များ ဆောင်ရွက်စေခဲ့သည်။



အဆိုပါအခမ်းအနားသို့ ညွှန် ကြားရေးမှူးချုပ်နှင့်တကွ အရာ ထမ်း၊ အမှုထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ ဝင်များ စုစုပေါင်း ၁၀၀ ဦး တက် ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၉၅)



# မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

**စစ်ကိုင်း မတ် ၃၀**

စစ်ကိုင်းမြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှု များ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စည်ကားသိုက်မြိုက် စွာ ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းမြို့ ဗဟိုသင်္ကြန်မဏ္ဍပ် အား ကမ်းနားလမ်း ဗျူးပွိုင့် အနီးတွင် တည်ဆောက်လျက်ရှိ ပြီး လမ်းလျှောက်သင်္ကြန်ကို လည်း ကမ်းနားလမ်းတွင် ပြုလုပ် သွားမည်ဖြစ်သည်။

အဆိုပါ ဗဟိုမဏ္ဍပ်၏ နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်း တို့တွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ ယိမ်းအဖွဲ့များ၊ ဂီတအနုပညာရှင်များက သီဆို ကပြဖျော်ဖြေမှာဖြစ်ပြီး လာ ရောက်ကြသည့် ပြည်သူများ အား စတုဒိသာများဖြင့် ဧည့်ခံ ကျွေးမွေးသွားမည်ဖြစ်သည်။

စစ်ကိုင်းမြို့ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို လမ်း လျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန် များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ထိုသို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူ များက လိုက်လံကြည့်ရှုစစ်ဆေး ခဲ့ပြီး လိုအပ်သည်များကို ပေါင်း စပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

(အပေါ်ပုံ)

**နေလင်းအောင်(ပြန်/ဆက်)**

* - * - * - * - *

# ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပျော်ဘွယ် မတ် ၃၀**

ပျော်ဘွယ်မြို့နယ်၌ ၂၀၂၆ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာအတာ သင်္ကြန်ပွဲတော်ကို ရိုးရာအစဉ် အလာမပျက် ကျင်းပနိုင်ရေး၊ ယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင် အေးချမ်းစွာ ဆင်နွှဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်ပွဲတော် အဖြစ် အစဉ်အလာမပျက် ကျင်းပ သွားမည်ဖြစ်ကြောင်း၊ စတုဒိသာ မဏ္ဍပ် ဆောက်လုပ်မည့်အခြေ အနေများ၊ ရေရရှိရေး ဆောင်ရွက် ရမည့်နည်းလမ်းများ၊ သင်္ကြန် ယိမ်းအကအဖွဲ့တို့ဖြင့် ကပြ ဖျော်ဖြေမည့်အခြေအနေများ၊ လုံခြုံ ရေးဆိုင်ရာ ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေး နွေးပြီး တက်ရောက်လာသူများ က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မည့်အခြေ အနေများကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ပျော်ဘွယ်မြို့နယ်၌ ကျင်းပ မည့် လမ်းလျှောက်သင်္ကြန်ပွဲ တော်ကို သင်္ကြန်အကြိုနေ့ ညနေ ပိုင်းတွင် ဖွင့်ပွဲအခမ်းအနားပြုလုပ် ခြင်း၊ ပွဲတော်ရက်အတွင်း စတု ဒိသာမဏ္ဍပ် ဆောက်လုပ်၍ သင်္ကြန်ရိုးရာ အစားအစာများ ကျွေးမွေးခြင်း၊ ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှများဖြင့် ဖျော်ဖြေ ဧည့်ခံခြင်းတို့ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

* - * - * - *

* - * - * - * - * - *

# မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**မြစ်သား မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် မြို့မအနောက်ရပ်ကွက် ရှိ စည်ပင်သာယာ ဈေးအဝင် ပေါက်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ အနီးကပ် ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေး အဖွဲ့မှ စားသောက်ကုန်ပစ္စည်းများ ပြည်သူ့သက်သာဈေးရောင်းချ ခြင်းကို ယနေ့ နံနက် ၇ နာရီက ဆောင်ရွက်ပေးခဲ့သည်။

ပြည်သူ့သက်သာဈေး ရောင်းချရာတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အခြေခံစားသောက်ကုန်ရောင်းချ သည့် လုပ်ငန်းရှင်များသည် ပြင်ပ ပေါက်ဈေးထက် ဈေးနှုန်းချိုသာ စွာ ရောင်းချပေးရာ ဒေသခံပြည်သူ များမှ လာရောက်ဝယ်ယူခဲ့ကြ သည်။

(အောက်ပုံ)

ထိုသို့ ရောင်းချရာတွင် ဝက်သားတစ်ပိဿာ ငွေကျပ် ၂၆၀၀၀ ဖြင့် ပိဿာ ၃၀ အား လည်းကောင်း၊ အမဲသား တစ် ပိဿာ ငွေကျပ် ၂၆၀၀၀ ဖြင့် ၁၀ ပိဿာအား လည်းကောင်း၊ ကြက်ဥတစ်လုံး ငွေကျပ် ၄၀၀ ဖြင့် အလုံး ၁၅၀၀ အားလည်း ကောင်း၊ သုခရှယ်ဆန် တစ်ပြည် ငွေကျပ် ၃၅၀၀ ဖြင့်(ဆန်ပြည် ပေါင်း ၄၈ ပြည်)အား လည်း ကောင်း၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၆၀၀ ဖြင့် ပိဿာ ၁၁၀ တို့အား ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ ပေးခဲ့သည်။

အဆိုပါဈေးရောင်းချရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက ကြည့်ရှုအား ပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



# နွေသီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် သီးနှံပေါ်ပေးစနစ်ဖြင့် နှမ်းမျိုးစေ့များ ဖြန့်ဖြူးရောင်းချပေး

**ပွင့်ဖြူ မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် တောင်သူအကျိုး ဆောင်အသင်း(FFA)က ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ် အတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားလာစေရန်နှင့် အရည်အသွေးကောင်းသောသီးနှံ များ တိုးချဲ့စိုက်ပျိုး ထုတ်လုပ် နိုင်ရန် ရည်ရွယ်၍ အသင်းဝင် တောင်သူများကို သီးနှံပေါ်ပေး စနစ်ဖြင့် နွေနှမ်းမျိုးစေ့များ ဖြန့် ဖြူးရောင်းချပေးလျက်ရှိသည်။



ထိုသို့ နှမ်းမျိုးစေ့များ သီးနှံ ပေါ်ပေးစနစ်ဖြင့် ရောင်းချပေးရာ တွင် မြို့နယ်တောင်သူ အကျိုး ဆောင်အသင်း(FFA)က GGG ကုမ္ပဏီနှင့် ချိတ်ဆက်၍ ယင်း ကုမ္ပဏီမှ ထုတ်လုပ်သော မြန်မာ ဟန်နှမ်းမျိုး ဆင်းရတနာ(၁၄)နှင့် မြန်မာဟန်နှမ်းဖြူ မျိုးသန့်မျိုးစေ့ (1.5Kg) အလုံးရေ ၁၃၀၀ အိတ် အား မြို့နယ်အသင်းရုံး၌ မှာယူ ဆောင်ရွက်ထားရှိပြီး ဒေသတွင်း ရှိ ရေသွင်းနှမ်း စိုက်ပျိုးလိုသော အသင်းဝင်တောင်သူများကို အချိန် မီ စိုက်ပျိုးနိုင်ရေးအတွက် သီးနှံ ပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်း ချပေးကြောင်း ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း ဥက္ကဋ္ဌ ဦးမြင့်အောင်ထံမှ သိရ သည်။

(အပေါ်ပုံ)

ပွင့်ဖြူမြို့နယ် တောင်သူ အကျိုးဆောင်အသင်းအနေဖြင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်နှင့် အရည်အသွေး ကောင်းသော တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ ရည်မှန်းချက် လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်၍ တောင်သူအကျိုးပြုလုပ်ငန်းများ ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း၊ တောင်သူအကျိုးဆောင် အသင်းဝင်ကျေးရွာများမှ အသင်း ဝင် တောင်သူများကို ရာသီ အလိုက် သီးနှံများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုး ရေးကုမ္ပဏီများနှင့် ချိတ်ဆက်ကာ စိုက်ပျိုးရေးလုပ်ငန်းအတွက် လို အပ်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် စိုက်ပျိုးရေးသွင်း အားစုများကို သီးနှံပေါ်ပေးစနစ် ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ သီးနှံပေါ်ချိန်တွင် သင့်တင့်မျှတ သော သီးနှံဈေးနှုန်းများ ရရှိစေ ရန် တောင်သူစုပေါင်းသီးနှံ ရောင်းချပွဲများ ပြုလုပ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေး ဆိုင်ရာ အသိပညာပေးဆွေးနွေး ပွဲများ ဆောင်ရွက်ပေးခြင်းတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။ (၄၄၅)

# သရက်ချောင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦးထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၀

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများ အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ရှော့တိုက်ဒုံးများ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများအား ဆင်ခြင်တုံ တရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာဖြင့် အမျိုးသမီးတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖြစ်စဉ်အားစိစစ်ခဲ့ရာ နံနက် ၇ နာရီခွဲတွင် သရက်ချောင်းမြို့နယ် စုံစင်ကျေးရွာနေ ဒေါ်ခင်မာချို (၄၅)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် နေအိမ်ခြံဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အများပြည်သူထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ပစ်ခတ်လိုက်သည့် လက်နက်ကြီးဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ၎င်းတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော ရပ်ကွက်/ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ ရှော့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်နေမှုများအား ဒေသခံပြည်သူများက



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြင်းခြံနှင့် နောင်ချိုမြို့နယ်တို့၌ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များထောင်ထားသည့် မိုင်းများ ပေါက်ကွဲမှုကြောင့် သာသနာ့အနွယ်ဝင် သံဃာတော်တစ်ပါးအပါအဝင် အပြစ်မဲ့ အရပ်သား ပြည်သူအချို့သေဆုံး/ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၀

အစွန်းရောက်အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှပစ်ခတ်ဖောက်ခွဲခြင်းများကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် မတ် ၂၉ ရက် နေ့လယ် ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံ၌ မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် သာသနာ့အနွယ်ဝင် သံဃာတော်တစ်ပါးနှင့် အမျိုးသားတစ်ဦးတို့ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖြစ်စဉ်အား စိစစ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မြင်းခြံမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ "သာသနာ့ပါလ" ဘုန်းကြီးကျောင်းမှ ဆရာတော် ဦးသီလာနန္ဒ (၃၅)နှစ် (၁၅)ဝါသည် အမှတ်(၁၃)ရပ်ကွက်နေ ဦးမျိုးမင်းဗိုလ်(၄၁)နှစ်နှင့်အတူ မြင်းခြံမြို့မှ မန္တလေးသို့ မော်တော်ယာဉ်တစ်စီးဖြင့် ထွက်ခွာလာစဉ် သက္ကယ်ကျင်းကျေးရွာနှင့် ညောင်ဝန်းကျေးရွာကြားအရောက် လမ်းဘေးမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ၎င်းတို့နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ညနေ ၆ နာရီ ၅၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံ၌ မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် သေဆုံးသူ အမျိုးသားတစ်ဦးနှင့် ဒဏ်ရာရရှိသူအမျိုးသမီးတို့ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖြစ်စဉ်အား စိစစ်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် နောင်ချိုမြို့နယ် ယာပြင်ကျေးရွာနေ ဦးဝင်းမြင့် (၅၈)နှစ်နှင့် ဒေါ်ကင်း(၇၇)နှစ်တို့သည် ၎င်းတို့၏ နေအိမ်တောင်ဘက်ရှိ ခြံဝင်းအတွင်း အမှိုက်များ ရှင်းလင်းနေစဉ် TNLA အကြမ်းဖက်အဖွဲ့ထောင်ထားသည့် မိုင်းတစ်လုံးအား ထိမိပေါက်ကွဲခဲ့မှုကြောင့် ဦးဝင်းမြင့်တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဒေါ်ကင်းတွင်ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် သာသနာ့အနွယ်ဝင် သံဃာတော်တစ်ပါးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ဆိုင်ကယ်နှစ်စီး တိုက်မိ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ဝမ်းတွင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၌ ဆိုင်ကယ်နှစ်စီးတိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ဝမ်းတွင်း-သဲတောကားလမ်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဝမ်းတွင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဝမ်းတွင်းမြို့မှ သဲတောကျေးရွာဘက်သို့ ရေဆုံးကျေးရွာနေ မြတ်မင်းထက်(၂၅)နှစ် မောင်းနှင်လာသည့် DAYAN-110 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းယာဘက်ခြမ်းသို့ ဖြတ်မောင်းစဉ် သဲတောကျေးရွာဘက်မှ အမှတ်(၁) ညောင်ပင်ရပ်ကွက်နေ ဦးမောင်အေး(၅၅)နှစ် မောင်းနှင်လာသည့် ၃၉ယ - XXXX SUMBO ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးမောင်အေးတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် မြတ်မင်းထက်အား ဝမ်းတွင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက် ည ၁၁ နာရီ ၁၅ မိနစ်က သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မမြင့်မြင့်ထွေးနှင့် မစုစုဝင်းဆိုသူတို့ထံမှ ဘိန်းစိမ်း အလေးချိန် ၂ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မမြင့်မြင့်ထွေး (၂၆)နှစ်နှင့် မစုစုဝင်း(၄၅)နှစ် ဆိုသူတို့အား သာစည်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

# ပြည်တော်သာရပ်ကွက်၌ နေအိမ် မီးလောင်မှုဖြစ်ပွား

**တောင်ကြီး မတ် ၃၀**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၌ မတ် ၂၇ ရက် နံနက် ၁၀ နာရီခွဲခန့်က ပိုင်ရှင် ဒေါ်မဗွေ (၆၀)နှစ်ဆိုသူ ပိုင်ဆိုင်သော ပေ ၄၀× ပေ ၃၀၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တွင် အိမ်ငှားဖြစ်သူ ဦးအောင်မြတ်စိုး(၅၃)နှစ် ဆိုသူသည် မီးဖိုခန်းတွင် ဂတ်စ်အိုးဖြင့် ချက်ပြုတ်ရာမှ ဂတ်စ်ယိုစိမ့်မှုဖြစ်ပွားပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံးနှင့် တောင်ကြီးခရိုင်၊ မြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ကိုးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ငှားဖြစ်သူ ဦးအောင်မြတ်စိုးတွင် မီးဟပ်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် စဝ်စံထွန်းဆေးရုံသို့ ပို့ ဆောင်ပေးခဲ့ကြောင်း၊ ပေ ၄၀× ပေ ၃၀၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးအောင်မြတ်စိုး ဆိုသူအား တောင်ကြီးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၁)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ ပေ(၂၀×၄၀)အကျယ်အဝန်းရှိ ဦးကောင်းမြတ် အမည်ပေါက်ရှိသော အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တရားဝင်နေထိုင်ရရှိထားသော မြေကွက်ပေါ်ရှိ အမှတ်(P-4)၊ လူနေတိုက်ခန်း၊ (၄၈)လမ်းအိမ်ရာအတွင်းရှိ အာရ်စီ(၃)ထပ်တိုက် လုံးချင်းအဆောက်အဦးနှင့်ယင်းအဆောက်အဦးအတွင်းရှိ မီးမီတာ၊ အဝီစိတွင်း၊ ရေတင်မော်တာ၊ ကျွန်းဘုရားစင်၊ အဲယားကွန်း(၁)လုံး(အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်သူ ခင်ပွန်းဖြစ်သူ ဦးကောင်းမြတ်မှာ(၁-၁-၂၀၂၅)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဌေးမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဌေး(အဘ) ဦးတင်ခိုင်(၁၂/သကတ(နိုင်)၀၃၂၀၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဝင်းသန့် (LL.M) တရားလွှတ်တော်ရှေ့နေ**
**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့် ၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## ဦးချစ်ထွေး (ဆယ်သန်း ဘက်ထရီ)
## ဒဟတ္တောမြတ်စွာဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ တစ်နှစ်ပြည့်အထိမ်းအမှတ်ကုသိုလ်ပြုခြင်း

မန္တလေးမြို့နေ ဦးသွယ်+ဒေါ်ဖွားသိန်းတို့၏(သား)၊ မန္တလေးမြို့၊ ၃၆လမ်း၊ ဦးကျားကြီးရပ်ကွက်နေ မခင်ခင်ထား၊ ကိုခင်မောင်သန်း+မနီလာဌေး၊ မခင်မိုးမိုး၊ ကိုဇော်မျိုးထွန်း+မခင်သီတာထွေး၊ ကိုခင်မောင်ထွေး+မသက်သက်အောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး မြေး(၁၀)ယောက်၊ မြစ်(၁)ယောက်တို့၏ အဘိုး၊ (ဒေါ်အေးအေး)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးချစ်ထွေး(ဆယ်သန်းဘက်ထရီ)သည် ၃၁-၃-၂၀၂၅ ရက် နံနက်(၂း၀၀)နာရီအချိန်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားရာ ယနေ့ ၃၁-၃-၂၀၂၆ ရက်တွင် တစ်နှစ်ပြည့်မြောက် အထိမ်းအမှတ်အဖြစ် ကျန်ရစ်သူမိသားစုမှ ကျေးဇူးရှင်ဖခင်ကြီးအတွက် ရည်စူးပြီး တံတားဦးမြို့နယ်၊ ကြေးနီကန်ကျေးရွာ၊ သုခရွှေပြည်ရှင်သာမဏေကျော်ကျောင်းတိုက်မှ ရဟန်း၊သာမဏေ (၄၅)ပါးတို့အား အရုဏ်ဆွမ်း၊နေ့ဆွမ်းနှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး နဝကမ္မကျပ် (၄၅)သိန်း လှူဒါန်းခြင်း၊ ဒဟတ္တောကျောင်းတိုက် ပဓာနနာယကဆရာတော်အား နဝကမ္မကျပ် ၁၀ သိန်း၊ လှူဒါန်းခြင်းတို့အတွက် အစဉ်ထာဝရ လွမ်းဆွတ်တမ်းတ မေ့မရနိုင်ပါသော ကျေးဇူးရှင်ဖခင်ကြီး ရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ သာဓု ခေါ်ဆိုပါရန်နှင့် ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့လည်း သာဓုခေါ်ဆိုနိုင်ကြပါရန် အမျှ · · အမျှ · ·အမျှ· · ပေးဝေပါ၏။ ဝမ်းမြောက်နမော် သာဓုခေါ်ဆိုတော်မူကြပါ သူတော်ကောင်းအပေါင်းတို့ · · ·

ကျန်ရစ်သူမိသားစု
ဆယ်သန်းဘက်ထရီ (၃၆လမ်း၊ မန္တလေးမြို့)

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်ရပ်ကွက်၊ ကွင်းအမှတ်(၅၉၃)၊ ဦးပိုင်အမှတ်(၁၂၄/၆)အတွင်းရှိ (၀ ဒသမ ၂၉)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သီသီဝင်း(ဘ)ဦးတင်အုံး(၉/အမဇ(နိုင်)၀၀၄၁၈၆)အနေဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲသူရ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၁၆၆၀၅၆၀၊ ၀၉-၉၆၉၁၇၈၆၇၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်ရပ်ကွက်၊ ကွင်းအမှတ်(၅၉၃)၊ ဦးပိုင်အမှတ်(၁၂၄/၅)အတွင်းရှိ (၀ ဒသမ ၂၇)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးခင်ဇော်(ဘ)ဦးသန်းဇော်(၁၂/ရကန(နိုင်)၀၅၄၃၁၄)အနေဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲသူရ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၁၆၆၀၅၆၀၊ ၀၉-၉၆၉၁၇၈၆၇၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ်(၁/၄၀)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ Mingalar Ruby အိမ်ရာဝင်းအတွင်းတွင် တည်ရှိသော ရောင်းချသူ ဒေါ်မေစပယ်ဖြူအောင် အမည်ပေါက်တရားဝင်ပိုင်ဆိုင်သော RC(၃)ထပ် လူနေအဆောက်အဦးနှင့်သွယ်တန်းတပ်ဆင်ထားသည့် (ရေ+မီး)အစုံအပါအဝင် ဆက်လက်နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေစပယ်ဖြူအောင်(ဘ)ဦးကျော်ထွန်းအောင်(၉/ခအဇ(နိုင်)၀၃၇၃၉၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနိုင်လင်းထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ-၂/၄၀)၊ ၆၆-အေလမ်း၊ လမ်း၄၀နှင့် ၄၀-ဘီလမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၀၇၅ ၊ ၀၉-၇၇၇၇၇၆၂၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်အတွင်းရှိ ပေ(၃၀×၄၀) အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးမင်းကျော်(ဘ)ဦးတင်ဝင်း(၉/တတဉ(နိုင်)၁၂၅၀၄၃)အနေဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲသူရ(LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၁၆၆၀၅၆၀၊ ၀၉-၉၆၉၁၇၈၆၇၉**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် မတ် ၃၀

| | | |
|---|---|---|
| မင်းဘူး | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၄၀ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်



နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့သည် ရှေ့ဆောင်အရာရှိနှစ်ဦး ဦးဆောင်၍ အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၅ သို့ ☆

လက်ရှိ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုံး၏အလံ လွှဲပြောင်းပေးအပ်စဉ်။

## အာရှဖလား တတိယအဆင့် ခြေစစ်ပွဲစဉ်အဖြစ် ပါကစ္စတန်အသင်းနှင့် မြန်မာအသင်း ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မတ် ၃၀**

၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် ပါကစ္စတန်အသင်းနှင့် မြန်မာအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ပါကစ္စတန်အသင်းနှင့် တွေ့ဆုံသည့် ပထမအကျော့ပွဲတွင် အိမ်ကွင်း၌ တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ ငါးပွဲယှဉ်ပြိုင်ကစားအပြီးတွင် ဆီးရီးယားအသင်းက ရမှတ် ၁၅မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ထားပြီး၊ မြန်မာအသင်းက ရမှတ် ၉မှတ်၊ ပါကစ္စတန်အသင်းက ရမှတ် ၂ မှတ်ရရှိထားသည်။

၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု(E)တွင် ဆီးရီးယားအသင်းက ခြေစစ်ပွဲ အောင်မြင်ထားပြီးဖြစ်သောကြောင့် ယခုပွဲရလဒ်မှာ ပါကစ္စတန်အသင်းနှင့် မြန်မာအသင်းတို့အတွက် ခြေစစ်ပွဲအောင်မြင်ရေးသည် အရေးမပါသော်လည်း ကမ္ဘာ့အဆင့် ရပ်တည်မှုအတွက် အရေးပါနေခြင်းကြောင့် မြန်မာအသင်းမှာ ပါကစ္စတန်အသင်းကို နှစ်ကျော့စလုံး အနိုင်ကစားနိုင်ရန် ကြိုးစားသွားမည်ဖြစ်သည်။

ပါကစ္စတန်အသင်းနှင့် မြန်မာအသင်းတို့သည် ၂၀၂၇ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ပါကစ္စတန်နိုင်ငံ၊ အစ္စလာမ္မာဘတ်မြို့ရှိ ဂျန်နင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပရိသတ်မပါဘဲ ကွင်းပိတ်ကစားသွားရမည်ဖြစ်သည်။

(NGB)





## အိုလီဆေးအား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် မတ် ၃၀**

လီဗာပူးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား အိုလီဆေးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ပွဲ ကစားပြီး ၃၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း တောင်ပံကစားသမား အိုလီဆေးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ အိုလီဆေးအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)